
ပုညခင်
ဂန္ထဝင် အချစ်မြို့တော်

# နိဒါန်း

“အလင်းနု”သည် စိတ်လှုပ်ရှားရင်ခုန်စွာဖြင့် လှေကားထစ်တွေကို ခပ်ဖွဖွနင်းလျက် လျှို့ဝှက်အခန်းကလေးရှိရာ အပေါ်ထပ်သို့ တက်လာနေပါသည်။

ကြေးသော့တံလေး တစ်ချောင်းကိုဆုပ်ကိုင်ထားသော အလင်းရဲ့ လက်ဖဝါးထဲမှာတော့ ချွေး ဖြင့် စွတ်စိုစေးထန်းနေပါသည်။

အခန်းကလေးရှေ့မှာ အလင်းရပ်လိုက်သည်။

ဒီအခန်းလေးထဲမှာ ဘာတွေရှိလေမလဲဟု အလင်းငယ်ငယ်ကတည်းက စိတ်ဝင်စားခဲ့ရသည်။

ဒီအခန်းထဲမှာ ဘာတွေကိုလျှို့ဝှက်ထားတယ်ဆိုတာကို အလင်း၏ မေမေလည်းမသိခဲ့။ ဖေဖေလည်းမသိခဲ့…။ အလင်းကို ငယ်ငယ်လေးကတည်းက ထိန်းကျောင်းပြုစုလာတဲ့အလင်း “အမေနု”ဟု ချစ်စနိုးခေါ်တဲ့ ဒေါ်လှလှခင်လည်းမသိခဲ့။

ဒီအိမ်မှာ ဒီအခန်းကိုအပိုင်စားရထားသူဟာ အလင်းရဲ့ ဘွားဘွား ဒေါ်နုကြေးမုံ တစ်ယောက် တည်းသာပင်။

ဘွားဘွားက အဲ့ဒီအခန်းကို အမြဲအသုံးပြုတာတော့မဟုတ်ပါ။

အလင်းသတိထားမိသလောက်တော့ အဲ့ဒီအခန်းထဲကို ဝင်သွားခါနီး တိုင်း အဲ့ဒီအခန်းထဲကနေ ထွက်လာတဲ့အချိန်တိုင်း အဘွားရဲ့မျက်လုံးတွေက ဆွေးမြည့်ရီဝေနေတတ်ခဲ့သည်။

အဘွားက အဲ့ဒီအခန်းလေးရဲ့ သန့်ရှင်းရေးကို သူကိုယ်တိုင်လုပ်သည်။

အခန်းထဲကို ဘယ်သူမှအဝင်မခံ...။ ဒီအခန်းရဲ့သော့ဟာ အဖွားဆီမှာသာရှိသည်။ ထိုသော့ ကိုလည်း လုံခြုံစွာ သိမ်းဆည်းထားသည်။

ထို့ကြောင့်ပင် အလင်းက ဘွားဘွားရဲ့အခန်းကလေ းကို "လျှို့ဝှက်အခန်းကလေး"ဟု အမည် ပေးထားခဲ့တာပင်။

"ဘွားဘွား အဲ့ဒီအခန်းထဲမှာ ဘာတွေရှိလို့လဲဟင်....."

ဟု အလင်းနုက မေးလျှင်တော့ ဘွားဘွားက နုပျိုသည့် အပြုံးကလေးကိုဆင်မြန်းကာ....

"အတိတ်တွေရှိတာပေါ့ကွယ်..."

ဟုဖြေတတ်သည်။ ကလေးတုန်းကတော့ "အတိတ်"ဆိုတာကို အလင်းက နားမလည်ပေ။

အလင်းက အလင်းသိသည့်ပါတိတ်လုံချည်နှင့် ထင်ယောင်မှားကာ....

"ဩော်ဘွားဘွားဝတ်တဲ့ ပါတိတ်လုံချည်တွေကို အဲဒီ အခန်းထဲမှာ သိမ်းထားတာလား"

ဟုပြောတော့ ဘွားဘွားက ဟက်ဟက်ပက်ပက်လေးရယ်လိုက်ရင်း အလင်းရဲ့ခေါင်းလေးကို ဖွဖွပုတ်လျက်.....

"ဟိုအရင်တုန်းက အချိန်တွေကိုအတိတ်လို့ခေါ်တယ်မြေးရဲ့။ မြေးကို ဘွားဘွားပုံပြောတဲ့အခါ ဟိုးရှေးရှေးတုန်းကလို့ပြောတယ်မဟုတ်လား အဲဒါအတိတ်ပေါ့။ အင်္ဂလိပ်တော့ past ပေါ့။ ဘွားဘွား ပြောတဲ့ အတိတ်ဆိုတာက past ကိုပြောတာ။။ အတိတ်နိမိတ်ဆိုတာနဲ့ သွားမရောနဲ့နော်။ အတိတ် နိမိတ်က သပ်သပ်၊ အဓိပ္ပာယ်ချင်းမတူဘူး။ မြန်မာစကားက ကြွယ်ဝသလောက် အဓိပ္ပာယ်လည်း ရှုပ် ထွေးတတ်လို့ သေချာလေ့လာမှတ်သားရမယ်နော် မြေး"

ဘွားက ခေတ်ပညာတတ် အမျိုးသမီးကြီးမို့ ဘွားက အလင်းကို

သိသင့်သိထိုက်တာ ကလေးတွေကို ပြောပြပေးတတ်သည်။

"လူတွေရဲ့အတိတ်မှာ အမှုမဲ့အမှတ်မဲ့ ဖြတ်ကျော်လာခဲ့တဲ့ အဖြစ်အပျက် အတွေ့အကြုံလေး တွေရှိတတ်သလို နှလုံးသားထဲကို စိုက်ဝင်စူးနစ်သွားသလို နင့်နင့်နဲနဲ ခံစားမှတ်သားတဲ့အ တွေ့ အကြုံကိုလည်း ရှိတတ်တာပေါ့ကွယ်...."

ဘွားက စကားပြောကောင်းလှသည်။ အင်္ဂလိပ်ခေတ်က အရေးပိုင်သမီးမို့လားမသိ သွေးကြီးမွေးကြီးထည်ထည်ဝါဝါနေတတ်သည်။ ရုပ်အဆင်းရူပကာကလည်း တင့်တယ်ချောမောလှ ပါသည်။ အသက် ၈၀ကျော်သည့်တိုင် ငယ်ငယ်တုန်းက အလှတရားရဲ့လက်ကျန် အငွေ့အသက်လေး တွေကို ဘွားမျက်နှာပေါ်မှာ ရှာဖွေတွေ့နိုင်သေးသည်။

အလင်းရဲ့မေမေက အလင်းဆယ်နှစ်သမီးအရွယ်မှာ အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့တာမို့ အလင်းဟာ ဘွားဘွားလက်မှာပင် ကြီးရသည်။ ဆွေမျိုးမတော်စပ်သော်လည်း လူယုံတယောက်လို သစ္စာရှိလှသော အလင်းရဲ့ နာနီကြီး ဒေါ်လှလှခင်ရဲ့ ပြုစုစောင့်ရှောက်မှုကို ခံယူခဲ့ရသည်။

အလင်းဒက်ဒီကတော့ နိုင်ငံခြားမှာ အလုပ်သွားလုပ်ရင်း သူ့အဖော်သစ်နှင့် အခြေကျနေပြီမို့ အလင်းဘဝမှာ အနီးကပ်တွယ်တာစရာဆိုလို့ ဘွားဘွားနှင့် အလင်းရဲ့ နာနီကြီးသာရှိခဲ့ရသည်။

အလင်းသည် လှို့ဂှက်အခန်းကလေးရှေ့မှာ ငြိမ်တွေရပ်တန့်၍ အာရုံပျံ့လွင့်လျက်နေရင်း ဘွား ဘွားဆုံးခါနီး တစ်ညနေကို လွမ်းဆွတ်စွာသတိရလာသည်။

ဘွားဘွားဟာ မကွယ်လွန်မီ မိနစ်ပိုင်းအချိန်ငေးလမှာ အလင်းကိုတစ်ခုခုပြောချင်ပုံဖြင့် စိုက်ကြည့်နေခဲ့သည်။ သို့သော်နှုတ်မှဖွင့်ဟမပြောနိုင်လောက်အောင်ပင် အားအင်ဆုတ်ယုတ်နေခဲ့သည်။

အဲ့ဒီနောက်တော့ ဘွားဟာ ရှိသမျှ လက်ကျန်ခွန်အားလေးဖြင့်

သူခါးရှည်ဘော်လီအတွင်းအိတ်ကပ်ထဲက
ကြေးသော့တံလေးတစ်ချောင်းထုတ်ယူကာ အလင်းထံ ကမ်းပေးလာသည်။

အလင်းလက်ထဲသို့ သော့တံကလေးရောက်ချိန်မှာပဲ ဘွားက
မျက်လုံးမှိတ်ခဲ့လေသည်။

ဘွားက ဘာမှပြောမသွားပေမယ့် ဒီသော့ကလေးဟာ
လျှို့ဝှက်အခန်းကလေးရဲ့ သော့ဆိုတာကို
အလင်းနုကနားလည်သဘောပေါက်ခဲ့သည်။

ဒီအခန်းလေးထဲမှာ ဘာရှိသလဲရယ်လို့ အမြဲပူဆာမေးမြန်းတတ်တဲ့
အလင်းရဲ့ဆန္ဒကို ဘွားဘွား ဖြည့်ဆည်းပေးလိုက်တာပင်....။ သို့သော်
နောက်ဆုံးအကြိမ်မှာ အလင်းကိုကြည့်သွားတဲ့ မျက်ဝန်းကလေးတွေထဲမှာ
တခြားအဓိပ္ပာယ်တစ်ခုခုကိုလည်း အလင်းမြင်ခဲ့ရသည်။

ဘာရယ်လို့ ပြောမပြတတ်ပေမယ့် အဘွားမှာ အလင်းဆီက
ပူဆာတောင်းဆိုချင်သည့် ဆန္ဒ လေးတစ်ခုခု ရှိလိမ့်မည်ဟု အလင်းခံစားမိသည်။

အလင်းနုသည် ချွေးဖြင့် စွတ်စိုစေးထန်နေသော
ညာဘက်လက်သီးဆုပ်ကလေးကို တဖြည်းဖြည်း မြောက်လိုက်ပြီး လက်ဖဝါးကို
ဖြန့်လိုက်သည်။ လက်ဖဝါးပေါ်က သော့တံကလေးကို
ခဏစိုက်ကြည့်နေလိုက်မိသေးသည်။

လူ့စိတ်ဆိုတာဟာ တော်တော်ဆန်းကြယ်၏ ။ သိခွင့်မရခင်တုန်းက
သိချင်ဇော အဟုန်ပြင်းပြ ခဲ့ပေမယ့် သိရတော့မည့်ဆဲဆဲအချိန်မှာတော့
လျှို့ဝှက်ချက်ကလေး ပျောက်ဆုံးသွားတော့မှာကို နှမြောသလိုပင်....။

အလင်းနုသည်စိတ်လှုပ်ရှားစွာဖြင့် သော့တံကလေးကို
ကြေးသော့ခလောက်ကြီးထဲသို့ ထိုးလှည့်လိုက်သည်။

"ဂလောက်.....ဂျောက်...."

"ကျွီ....အီ....အီ....."

ဘွားနေမကောင်းဖြစ်ကတည်းက မဖွင့်တာနှစ်ချီကြာခဲ့ပြီဖြစ်သော လျှို့ဝှက်ခန်းကလေးသည် ပတ္တာသံများနှင့်အတူ ပွင့်သွားရ၏။

အခန်းသည် မှောင်မိုက်နေ၏။

အလင်းနုသည်အခန်းထဲသို့ တစ်လှမ်းချင်း သတိထား၍ ဝင်ခဲ့ပြီး မီးခလုတ်ရှိမည်ထင်ရ သည့် နံရံထောင့်ကို လက်ဖြင့် ဝှေ့ယမ်းပွတ်သပ်၍ စမ်းလိုက်သည်။ ဟော....မီးခလုတ်တော့တွေ့ပြီ။

"ချောက်....ချောက်....."

အလင်းနုက စမ်းမိသည့် ခလုတ်နှစ်ခုကို ရှေ့ဆင့်နောက်ဆင့် ဖွင့်ချလိုက်သည်။

မီးလင်းရောင်များ ထိန်ဖြာသွားသည့် အခန်းကလေးသည် သူ၏ "လျှို့ဝှက်အခန်းကလေး"ဟူသော အမည်နာမကို ဆုံးရှုံးလိုက်ရသော်လည်း အခန်းထဲမှာရှိနေသော ပစ္စည်းများကဆန်းကြယ်မှုတွေကို ဆက်လက်ပြသနေသည်။

အလင်းနုသည် နေရာမှာ ခြေစုံရပ်ရင်း အခန်းထဲက ပစ္စည်းတွေို့ တစ်ခုချင်းသေသေချာချာကြည့်နေရင်း အံ့သြရင်ခုန် စိတ်လှုပ်ရှားနေခဲ့သည်။

အလင်းရဲ့ ရှေ့တည့်တည့်က ဟောဟိုနံရံပေါ်မှာ စားအိမ်နှင့်ဓားတစ်ချောင်းကို ချိတ်ဆွဲထား သည်။ ဓားအိမ်က ကြေးရောင်....။ ဓားအိမ်ပေါ်မှာ လှပသော ကနုတ်နွယ်လက်ရာတွေ တွေ့ရသည်။

ထိုဓားရဲ့ ဘေးနားတစ်ဝိုက်မှာတော့ ဆေးသားရေးမှိန်နေသည့် အဖြူအမည်းစာတ်ပုံ ခပ်သေး သေးလေးတွေကို ကြေးဘောင်ကွပ်၍ ခပ်ကျဲကျဲ ချိတ်ဆွဲထားသည်။

တချို့ပုံတွေကို ဘွားဘွားအခန်းထဲမှာလည်း တွေ့ဖူးတာ မို့ ဓာတ်ပုံထဲက မိန်းကလေးဟာ ဘွားဘွားဆိုတာ အလင်းသိပါတယ်။ ပြီးတော့ ဘွားဘွားငယ်ငယ်က ရုပ်ရည်က အလင်းနှင့်အလွန် တူလှပါသည်။

ဘွားဘွားငယ်စဉ်က ဂါဝန်တိုလေးဖြင့် ရိုက်ထားသော ပုံတချို့ပြီးတော့...ဘွားဘွားအပျိုရွယ် ကလေးမှာ ရိုက်ထားသောပုံများ...။ အထူးခြားဆုံးကတော့ ပြင်ဦးလွင်ဘုရင့်စံအိမ်တော်ရှေ့မှာ ရိုက်ထားသောပုံဖြစ်သည်။

အလွန်လှပသော မိန်းမငယ်လေးစာ ဥရောပဆန်ဆန် ပန်းနုရောင် ဂါဝန်ရှည်ရှည်ကားကားႀကိုက ဆင်မြန်းလာပျောင်းနွဲ့သော ကိုယ်စန်အနေအထားကလေးဖြင့် မခို့တရို့ပြုံးလျက် ရပ်တန့်နေခဲ့သည်။. မိန်းကလေးနောက်က မြက်ခင်းပြင်ပေါ် မှာတော့ ညှော့်ခံပွဲကြီး တစ်ခုကျင်းပနေပုံရသည်။ စားပွဲဝိုင်းဖြူဖြူများ လူများကို မသဲမကွဲမြင်ရသည်။ ပြီးတော့ မိန်းကလေးရဲ့ နောက်ဘက် ဘေးအစွန့်မှာ ရပ်တန့်ပြီး မိန်းကလေးကို လှမ်းကြည့်နေသော ယောကျ်ားတစ်ယောက် ။ ရှမ်းဘောင်းဘီနှင့် ရှမ်းအကျီင်္ကိုသပ်ရပ်စွာဝတ်၍ ခေါင်းပေါင်းပေါင်းထားသော လုလင်ပျိုကလေးဟာ မိန်းကလေးနှင့်အတူ ဓာတ်ပုံရိုက်ခံနေခြင်းတော့ ဟုတ်ပုံမရပါ။

အလင်းနုသည် ထိုဓာတ်ပုံကလေးကို စိုက်ကြည့်ရင်း ဘွားဘွားပြောခဲ့ဖူးတာကို သတိရသည်။

“ဘွားဘဂမှာ အပျော်ဆုံးအချိန်က ဘွားအသက် ၁၆နှစ်အရွယ် ပြင်ဦးလွင်ကိုရောက်လာတဲ့ အချိန်ပဲမြေးရဲ့။ အဲ့ဒီတုန်းကတော့ မေမြို့လို့ခေါ်တာပေ့ါ...မြို့တည်ဆောက်ရေးလုပ်ငန်းတွေလုပ်ခဲ့ တဲ့ အင်္ဂလိပ်ကာနယ်မေ (Col May)ကိုအ စွဲပြုပြီး မေမြို့လို့ခေါ်ခဲ့ကြတာပေ့ါ။ ဘွားဘွားတို့မိသားစု ပြင်ဦး လွင်ကို ရောက်လာတဲ့အချိန်က မေမြို့က ဘုရင်ခံအိမ်တော်မြက်ခင်းပြင်မှာ ဘုရင်ခံဆာဒေါ်မန်စ မစ်ရဲ့သမီး မင်္ဂလာဆောင်ကို

မြန်မာထုံးတမ်းစဉ်လာအတိုင်းလုပ်ဖို့ စီစဉ်နေကြတဲ့အချိန်ပေါ့။ အဲ့ဒီ မင်္ဂလာဆောင်ကို ဘွားက ဒက်ဒီနဲ့အတူ သွားတက်ခွင့် ရခဲ့တယ်လေ။ အဲ့ဒီအချိန်က ဘွားအသက် ၁၆နှစ်၊ ၁၉၄၂ခုနှစ်ဆိုတာ ဘွား ကောင်းကောင်းမှတ်မိတယ်”

ဘွားက အင်္ဂလိပ်ခေတ်ကို ကောင်းကောင်းမီခဲ့သူမို့ ဘွားထံက စိတ်ဝင်စားစရာ အဖြစ်အပျက် တွေ အများကြီးကြားဂုတတ်သည်။

အလင်းနုသည် ထိုဓာတ်ပုံလေးကို စိတ်ဝင်စားစွာစိုက်ကြည့်နေရင်း အာရုံထဲမှာ အနံ့တစ်ခုရ လာသည်။

ဘာနံ့ပါလိမ့်....။

အလင်းနုက ထိုအနံ့ကို တစ်ချက်ရှိုက်၍ ရှုကြည့်လိုက်သည်။

အနံ့က ပန်းချီဆေးအနံ့မျိုး....။စူးစူးရှရှကြီးတော့မဟုတ်။

အလင်းအခန်းထဲကို ဝေ့ကြည့်တော့ အခန်းထောင့်မှာအနီရောင် ကတ္တီပါစကြီးဖြင့် အုပ်ဆိုင်း ထားသော အရာတစ်ခုကိုတွေ့ရသည်။

အလင်းက စိတ်ဝင်စားသွားကာ ထိုနေရာသို့လျှော က်သွားပြီး အနီရောင်ကတ္တီပါစကြီးကို ဆွဲလှန်ဖွင့်ကြည့်လိုက်သည်။

“ဟင်....”

ရုတ်တရက် ဘွားခနဲပေါ်လာသော အလွန်လှပသည့် ပန်းချီကားကြီးကို ကြည့်ရင်း အလင်းကြက်သေသေနေသည်။

အင်္ဂလိပ်မြင်းစီးဝတ်စုံ ဝတ်ထားသော မိန်းကလေးက မြင်းပေါ်မှာညိုရွှေရောင်မြင်းကြီးရဲ့ ဘေးမှာ မြင်းဇက်ကြိုးကို ကိုင်ဆွဲပြီး ရပ်နေသူက ဟိုဓာတ်ပုံလေးထဲက ရှမ်းဘောင်းဘီနက်နှင့်ရှမ်း တိုက်ပုံ ဝတ်ဆင်ထားသော လုလင်ပျို....။ ထိုလုလင်ပျိုနှင့်မိန်းကလေးရဲ့ မျက်နှာကလေးတွေက နှင်း ငွေ့ဖြင့် ပွင့်နေသော နှင်းဆီပွင့်ဖတ်တွေလို စိုပြည်လန်းဆန်းနေသည်။

ပန်းချီကားထဲက မိန်းမချောလေးဟာ ဘွားဘွားဒေါ်နုကြေပးမုံဆိုတာ သေချာပေမယ့် လုလင် ပျိုကတော့ အလင်းရဲ့ ဘိုးဘိုးမဟုတ်တာ သေချာပါသည်။

ဒါဟာ လျှို့ဝှက်ခန်းလေးထဲမှာ ဘွားဘွားသိမ်းဆည်းထားခဲ့တဲ့ “အတိတ်”လား...။

အလင်းသည် ပန်းချီကားဘေးမှာ ပြန့်ကျဲနေသည့် ပန်းချီဆေးဘူးတွေ စုတ်တံတွေကို လိုက်ကြည့်ရင်း ရင်ထဲမှာ ဆို့ဆို့နင့်နင့် ဖြစ်လာသည်။

ဒီပန်းချီကားကို အဘွားကိုယ်တိုင် ဆွဲခဲ့တာလား။

အလင်းငယ်ငယ်က အဘွားတစ်ယောက်တည်း ဒီအခန်းလေးထဲမှာ တိတ်ဆိတ်ပြီး နာရီပေါင်းများစွာ တံခါးပိတ်နေခဲ့တာဟာ ဒီပန်းချီကားကို ဆွဲနေခဲ့တာလား။

ဒီပန်းချီကားကြီးပြီးမြောက်ဖို့ ဘွား နှစ်ပေါင်းဘယ်လောက်ကြာအောင် အချိန်ယူခဲ့ရပါသလဲ ဟင်...။ ဒါတောင်မှ ပန်းချီကားရဲ့ အောက်ပိုင်း တချို့နေရာလေးတွေမှာ လက်စမသတ်ဘဲ ပုံကြမ်းပဲ ကျန်ရစ်နေခဲ့တာလေ...။

အဘွားရဲ့ မပြီးသေးတဲ့ ပန်းချီကားကို တစ်စုံတစ်ယောက်က ဆက်ဆွဲပေးဖို့များ မျှော်လင့်ခဲ့ ပါသလား ဘွားရယ်။

အလင်းနက ပန်းချီကားကြီးကို တငေးတမော စိုက်ကြည့်နေခဲ့ပြီးမှ ကတ္တီပါစကြီးဖြင့် ပြန်အုပ်ပေးလိုက်ပါသည်။

ထိုအချိန်မှာပဲ အခန်းပြတင်းဘေလးက ဘွားရဲ့စာကြည့်စားပွဲကလေးဆီသို့ အလင်းရဲ့ အာရုံတွေဖြန့်ကျက်သွားရပြန်သည်။

ပြီးတော့ အနည်းငယ်ဟနေတဲ့ စားပွဲအံဆွဲကလေးက အလင်းကိုဖိတ်ခေါ်နေသည်။

အလင်းထိုစားပွဲလေးအနီးသို့ လျှောက်သွားပြီး အံဆွဲလေးကို

ဆွဲဟဖွင့်လိုက်ပါသည်။

အံဆွဲထဲမှာ စာအုပ်လေးတစ်အုပ် ရှိနေခဲ့သည်။

အလင်းက ထိုစာအုပ်ကလေးကို ခပ်ဖွဖွလေး တရိုတသေ ထုတ်ယူပြီး လှန်လျှောကြည့် လိုက်သည်။

စာအုပ်ထဲက စာလုံးလေးတွေက အလင်းကိုမျက်စိမလွဲအောင်ဆ `ဆောင်လိုက်သည်။

အလင်း၏ စိတ်နှလုံးသည် စာလုံးလေးတွေခေါ်ဆောင်ရာသို့ နအိမျှောနှင့် လိုက်ပါသွားခဲ့ရသည်။

စာလုံးလေးတွေ အဆုံးသတ်သွားချိန်မှာတော့ အနုပညာမျိုးရိုးမရှိတဲ့ စာရေးဆရာမ ဖြစ်လာခဲ့ သည်ဟု အများသိထားခဲ့သော စာရေးဆရာမလေး “အလင်းနု”ရဲ့ ဖန်တီးမှုအနုပညာဗီဇဟာ အဘွား ဒေါ်နုကြေးမုံဆီက မြစ်ဖျားခံ စီးဆင်းလာခဲ့တာပဲဟု သဘောပေါက်ခဲ့ရသည်။

ဂုတ္တုလေးတစ်ပုဒ်သဖွယ် ဖန်တီးရေးသားသွားခဲ့သော အဘွား၏ ဖြစ်ရပ်မှန်အချစ်ဇာတ်လမ်း လေးက အလင်းရဲ့နှလုံးသားကို သိမ်းကြုံးဖမ်းစားသွားသည်။

လွန်ခဲ့တဲ့ အနှစ် ၇၀။ လွတ်လပ်ရေးမရမီ အင်္ဂလိပ်ခေတ်က အရေးပိုင်ရဲ့ သမီးချောကလေး နုကြေးမုံနဲ့ မိုင်းသာစော်ဘွားရဲ့ ကိုယ်ရံတော် တပ်မှူးကလေး စိုင်းခမ်းလုံတို့ဟာ မေမြို့ဘုရင်ခံအိမ် တော်ရဲ့ မြက်ခင်းပြင်မှာ ကျင်းပခဲ့တဲ့ ဘုရင်ခံဒေါ်မန်စမစ်ရဲ့ သမီးမင်္ဂလာပွဲမှာ စပြီးဆုံစည်းခဲ့ကြ သတဲ့လေ။

ပန်းတွေလှိုင်လှိုင်ပွင့်တဲ့…

လေပြေနုနုအေးတဲ့…

မေမြို့သို့မဟုတ် ပြင်ဦးလွင်ရဲ့ အဲ့ဒီနေ့လေးဟာ နုကြေးမုံရဲ့ဘဝမှာ

မမေ့ရက်စရာ အထင်ကရ နေ့ရက်ကလေးဖြစ်ခဲ့သတဲ့....။

ဘွားဘွားနုကြေးမုံရဲ့ လွမ်းမောဖွယ်ဇာတ်လမ်းကလေးဟာ မြေးမကလေး "အလင်းနု"ရဲ့ နှလုံး သားကို အချိန်တွေ အကြာကြီးလွှမ်းမိုးထားနိုင်ခဲ့တာဖြစ်ပါသည်။

*

## အပိုင်း (၁) - က

"သမီးလေး...အလင်း...ဒီနေ့စာရေးရတာ မုန့်ဝင်ရဲ့လားကွယ်"

စာရေးခဏနားပြီးစားပွဲပေါ် လက်ထောက် လက်ပေါ်မေးထောက်ကာ စဉ်းစားခန်းဝင်နေသော အလင်းနုမှာ မေနု၏ မေးခွန်းကြောင့် ရယ်ချင်သွားမိကာ....

"စာမရေးခင်ကတည်းက မုန့်ရောကော်ဖီရော ရေခဲမုန့်ရော အလင်းဗိုက်ထဲဝင်သွားပါပြီ မေနုရဲ့..."

"အဲဒီ မုန့်ကို ပြောတာမဟုတ်ဘူးလေ သမီးရဲ့.... သမီးပြောပြနေတဲ့မုန့်ကို ပြောတာလေ"

"အင်း.....အလင်းပြောပြောနေတာ ဘာမုန့်ပါလိမ့်.... ကိတ်မုန့်၊ ရေခဲမုန့်၊ ပီဇာမုန့်။ ဟာလဝါမုန့်၊ မုန့်လင်မယား....."

အလင်းက တမင်မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင် လက်ချောင်းလေးတွေ တစ်ချောင်း ချင်းချိုးရင်း ပြော လိုက်ပသည်။ အလင်းနုရဲ့ အမေသဖွယ် စောင့်ရှောက်ခဲ့တာမို့ အလင်းက "မေနု" လို့ခေါ်ရတဲ့ ဒေါ်လှလှခင်က အလင်းပုံစံကလေးကို ချစ်စနိုးပြုံးကြည့်ရင်း....

"ကြည့်...ကြည့်...ရုပ်ကလေးကိုက ပြောင်စပ်စပ်နဲ့ စာရေးဆရာမပဲ ဖြစ်နေပြီ။ ကလေးအထာတွေက လုပ်ပြချင်တုန်း"

"အိမ်မှာနေရင်းပဲလုပ်တာပါ။ မေနုရယ်။ အပြင်သွားရင် စာရေးဆရာမ ဒေါ်အလင်းနုတို့က ရုပ်တည်ကြီးနဲ့ပါနော်"

"အေးပါ...ညည်းတမင်တည်ထားတဲ့ရုပ်ကြီးကို တွေ့ရတာ

ငါအော်တောင်ရယ်ချင်ပါတယ်။ ကဲ…မေးတာဖြေဦးလေဟယ်။ မုန့်ဝင်ရဲ့လားဆိုတာ…”

“မုန့်ရော ကော်ဖီပါဝင်ပြီးပါပြီဆို…..”

“ရော်….ခက်လိုက်တာ။ မေနုမေးတာက စားရတဲ့မုန့်ကိုပြောတာမဟုတ်ဘူးလေ။ စာရေးရင်း ဝင်တဲ့မုန့် ညည်းရင်ဘတ်ထဲကနေ လာတဲ့မုန့်ကိုပြောတာအေ”

“မုန့်မဟုတ်ပါဘူးမေနုရဲ့။ mood မုဒ်ပါ ပီအောင်ပြောပါလို့ အလင်းခဏခဏပြောတယ်နော်။ မေနုတစ်ခါမှမှကို ပီအောင်မခေါ်နိုင်သေးဘူး မု(ဒ်) ….မု(ဒ်)၊ ပီအောင် ခေါ်ကြည့်ဦး….”

အလင်းကမေနုကို အသံထွက်ပီအောင် ထပ်သင်ပေးလိုက်ပါသည်။ အလင်းစာရေးရတာ စိတ် မပါတိုင်း mood မဝင်ဘူး မေနုရယ်ဟု အမြဲပြောတတ်တာကို မေနုက မှတ်ထားပြီး အလင်းစာမရေးဘဲ ထိုင်နေချိန်ဆို မုန့်မဝင်ဘူးလား အမြဲလာလာမေးတတ်ခဲ့တာပင်။

“မုတ်အေ….၊မုတ်….မုတ်….”

“မုတ်မဟုတ်ဘူး မု(ဒ်) မု(ဒ်)”

“မု…မု….”

“သံပြတ်ကြီးနဲ့ မုမနေနဲ့ပလေ။ နောက်က ဒဒွေးအသံလေးထည့်ဦးမှပေါ့ မု(ဒ်)၊ မု(ဒ်)”

“မုဒစ်…မုဒစ်”

မေနုရဲ့အသံထွက်အမှားက ပိုပိုဆိုးလာကာ အလင်းက အားရပါးရ ရယ်မိတော့ မေနုက အလင်းကို မျက်စောင်းထိုးရင်း…..

“ညည်းတို့ အင်္ဂလိပ်အသံထွက်တွေ နားမဝင်ပါဘူးအေ၊

ငါပြောတတ်သလိုပဲ။ ပြောပါရစေ။ ရာသီဥတုက လည်းအရမ်းပူတာပဲနော်။ အဲယားကွန်းမဖွင့်ဘူးလား”

မေနုဟာ ပြောကမှ ပိုဆိုးသွားပါသည်။ အဲယားကွန်းကို အယားကွမ်းဟု အမြဲပြောတတ်တာကို လည်း ခုထိပြင်မရ....။ ပြင်မရတဲ့အတူတူ ထပ်ပြီးပြင်ခိုင်းမနေချင်တော့ပါ။ စိတ်ချမ်သာသလိုသာ ခေါ်ပါ စေတော့....

“ခုနတုန်းကတော့ ဖွင့်ထားပါတယ်။ ခုလေးမှ ငြိးစီစီကြီးဖြစ်လာလို့ အဲယားကွန်းပိတ်ပြီး ပြတင်းပေါက်ဖွင့်လိုက်တာပါ မေနုရဲ့...”

“ကဲ....ဒီမှာ ထောပတ်သီးဖျော်ရည်လေး ဖျော်ခဲ့တယ်။ သမီးက ထောပတ်သီးဖျော်ရည်သောက်ရင် စိတ်လန်းဆန်းတယ်ဆိုလို့ ထောပတ်သီးမပြတ်အောင် ဝယ်ထားတာ။ သောက်ချင်တဲ့အချိန်ပြောလိုက်....အသင့်ပဲ။ ကဲ.....မုန့်မဝင်သေးရင် ဒါလေးသောက် လိုက်ဦး”

မေနုက အလင်းရဲ့ စာရေးစားပွဲပေါ်မှာ ထောပတ်သီးဖျော်ရည်ခွက်လေး လာချပေးလိုက်တာ မို့ အလင်းက မေနုရဲ့ ခါးတုတ်တုတ်ကြီးကို လှမ်းဖက်လိုက်ရင်း...

“အဲဒီ လိုအလိုက်သိတာလေးတွေကြောင့် မေနုကိုချစ်ရတာ ....”

“ချွဲပြန်ပြီ....”

မေနုက အလင်းကို ပြုံးပြုံးကြီးကြည့်ရင်း ချစ်စနိုးမျက်စောင်းကြီး ထိုးလိုက်ပါသည်။ ပြီးမှ အလင်းရှေ့ကခုံမှာ ဝင်ထိုက်လိုက်သည်

အလင်းကေ ထာပတ်သီးဖျော်ရည်ကို ပိုက်ကလေးဖြင့် စုပ်သောက်လိုက်ပြီး....

“ရန်ကုန်ရာသီဥတုကလည်းအရမ်းပူတာပဲနော် မေနုရယ်။

တစ်နှစ်ထက်တစ်နှစ် ပိုပိုပူလာသလိုပဲ.....ရာသီဥတုပူရင်
အာရုံသိပ်စုစည်းလို့မရဘူး။ တစ်နေကုန် အဲကွန်းဖွင့်ပြီး နေပြန် တော့လည်း လူက ထိုင်းထိုင်းမှိုင်းမှိုင်းငြီးစီစီကြီးဖြစ်နေတာ။ စာရေးရတာ လည်း သိပ်မုဒ်မဝင်တော့ တစ်နေ့ နည်းနည်းပဲ ရေးဖြစ်တာ”

“မတ်လဆန်းပြီဆိုတော့ ပူပြီပေါ့ သမီးရယ်။ ပြင်ဦးလွင်သွားတော့လေ။ နှစ်တိုင်းလည်း ဒီအချိန် ပြင်ဦးလွင်တက်နေကျပဲမဟုတ်လား...”

“အရင်နှစ်တွေတုန်းကတော့ အိမ်မှာဘွားဘွားလည်း ရှိ၊ မေနုလည်းရှိဆိုတော့ အလင်းသွားရတာ စိတ်ချတယ်လေ။ ခုမေနုတစ်ယောက်တည်းကျန်ခဲ့ရမှာဆိုတော့ အလင်းသွားဖို့မှာ အားနာတယ်။ မေနုတစ်ယောက်တည်း အဖော်မဲ့နေမှာပေါ့.....”

“သန်းသန်းနဲ့အေးမရှိသားပဲ... မေနု အဖော်မမဲ့ပါဘူးကွယ်။ ခြံထဲမှာလည်း မောင်သောင်းရှိသားပြ၊ သူကလည်းအားကိုးရပါတယ်”

မောင်သောင်းဆိုတာက မေနုရဲ့တူဝမ်းကွဲကလေးပင်။ ခပ်ငယ်ငယ်ကတည်းက ခေါ်ယူစောင့်ရှောက်ထားတာမို့ ငယ်မွေးခြံပေါက်သဘောမျိုးဖြစ်ကာ ယုံကြည်စိတ်ချရသူပင်။

“သူတို့က ကလေးသာသာရယ်။ ဘာမှသိတတ်တာလည်းမဟုတ်။ အိမ်မှာရေကိစ္စ မီးကိစ္စပေါ် လာရင် မေနုပဲ စီမံခန့်ခွဲရမှာ...”

“မေနုအတွက် နောက်ဆဲ့မတင်းစမ်းပါနဲ့ သမီးရယ်။ မေနုက သမီးကို သနားအားနာနေတာ။ လောကမှာ တာဝန်ယူတတ်တဲ့သူ။ အသိစိတ်ရှိတဲ့သူတွေပဲ ပင်ပန်းရတာ ။ စိတ်ဖိစီးခံရတာ ဆိုတာ အမှန်ပဲလေ....။ သမီး ဘွားဘွားနေမကောင်းစဖြစ်ကတည်းက သမီးမှာစိတ်အေးလက်အေး စာရေးရတယ်လို့မှ မရှိတာ။ ဆေးခန်းပြလိုက်၊ ဆေးရုံတင်လုက်နဲ့ သမီးပဲ ပင်ပန်းခဲ့ရတာ ...”

“မေနုကလည်း အိမ်မှုကိစ္စတွေသာ စီမံတတ်ပေမယ့် အပြင်ကိစ္စ၊

ဆေးရုံဆေးခန်းကိစ္စကျ တော့ နားမှမလည်ခဲ့တာလေ။ သမီးလိုလည်း ချက်ချက်ချာချာ ပြောတတ်ဆိုတတ် စီမံတတ်တာ မဟုတ်တော့ သမီးကို မကူညီနိုင်ခဲ့ဘူး”

မေနုက စိတ်မကောင်းသလိုလေးပြောနေတာမို့ အလင်းက စားပွဲပေါ်တင်ထားသည့် မေနုလက်ပြည့်ပြည့်ဖောင်းဖောင်းကြီးကို ဆုပ်ကိုင်ဖျစ်ညှစ်၍ ပြုံးပြမိရင်း...

“အိမ်မှုကိစ္စတွေ စီမံပေးတာ။ ဘွားအတွက် စားကောင်းသောက်ဖွယ်လေးတွေ ချက်ပြုတ်စီမံ ပေးတာနဲ့တင် မေနုဘက်က တာဝန်ကျေလှပါပြီမေနုရယ်။ အလင်းက အိမ်မှုကိစ္စဆို ဘာမှလုပ်တတ်တာမဟုတ်တော့ မေနုသာမရှိရင် တော်တော်ဒုက္ခရောက်မှာလေ...။ ခုလို စိတ်တိုင်းမှိုင်းနေချိန်မှာ အလင်းကြိုက်တဲ့ ထောပတ်သီးဖျော်ရည်လေးသောက်ခွင့်ရတာ လည်း ဟောဒီက မေနုကြီးရဲ့ကျေးဇူးပဲ”

အလင်းက မေနုစိတ်ပေါ့ပါးအောင် ခပ်ချွဲချွဲလေးပြောရင်း ထောပတ်သီးဖျော်ရည်ကိုမော့သောက် ပြလိုက်ပါသည်။

“ကဲ....ကြည့်...ထုံးစံအတိုင်းပဲ ထောပတ်သီးဖျော်ရည်မော့သောက်ပြီဆို နှုတ်ခမ်းတွေ ပေရေပြီ။ ရော့...ဒီမှာ တစ်ရှူးလေးနဲ့သုတ်လိုက်ဦး။ ဒီကလေးမဟာ ငယ်ငယ်က အကျင့်ကို ဘယ်တော့ မှ မပျောက်ဘူး။ သတိထားပါဆိုလည်း မထားဘူး။ အဲ့ဒီလိုဖြစ်မှာစိုးလို့ ပိုက်ကလေးတပ်ပေးလာတာကို မော့ဖြစ်အောင် မော့လိုက်ရမှ....”

မေနုက စားပွဲပေါ်မှရှိ တစ်ရှူးဘောက်စ်ထဲက တစ်ရှူးစလေးတစ်စ ဆွဲယူလှမ်းပေးတာမို့ အလင်းက ရယ်ကျဲကျဲနှင့် လှမ်းယူပြီး နှုတ်ခမ်းကို သုတ်လိုက်ပါသည်။

“အဲဒီ တော့ စောစောက စကားကိုဆက်ရရင် သမီးခုချိန် ပြင်ဦးလွင်သွားညပီး အေးအေးဆေး ဆေး စာရေးသ့်တယ်လို့ မေနုတိုက်တွန်းချင်တယ်။ စာရေးဆရာဆိုတာ စိတ်ရှင်းရှင်းလေးနဲ့ အေးအေးဆေးဆေး အနားယူရင်း စာရေးမှ အကြံဉာဏ်တွေ ပိုထွက်လာမှာမဟုတ်လား....”

“စိတ်ကတော့ အမြဲရှင်းပါတယ် မေနုရဲ့.... ကိုယ်ရေးကိုယ်တာကိစ္စဝိစ္စတွေနဲ့ စာရေးတာကို အလင်းဦးနှောက်ထဲမှာ တစ်ကန့်စီ ထည့်ထားတာပါ။ မရောထွေးစေရပါဘူး။ ဘွားဘွားကိုဆေးရုံမှာ စောင့်ပေးနေရင်းနဲ့တောင် အလင်းစာရေးလို့ရခဲ့သားပဲ။ စိတ်သာရှင်းနေရင် ဘယ်လောက်အလုပ်ရှုပ် ရှုပ် ရသလောက်အချိန်လေးမှာ စာရေးလို့ရတာ ပဲ....

“အေးလေ...ဒါတော့ဟုတ်ပါတယ်။ ဒါပေမဲ့ မေနုစေတနာက သမီးကို အေးအေးချမ်းချမ်းလေး အနားယူစေချင်လို့ပါ။ စာရေးတဲ့သူဆိုတာ ခရီးလေးထွက်လိုက်ရင် စိတ်အပြောင်းအလဲဖြစ်ပြီး လန်းတာပဲမဟုတ်လား”

“အဲဒါတော့ ဟုတ်ပါတယ်။ အလင်းစာရေးရတာ စိတ်မပါလက်မပါဖြစ်နေရင်တောင် ခရီးလေး ထွက်လိုက်ရင် လန်းဆန်းပြီး စာရေးဖို့အကြံဉာဏ်တွေ ပိုထွက်လာတယ်”

“အေးလေ....ဒါကြောင့် မေနုက ခရီးထွက်ခိုင်းတာပေ့ါ။ အိမ်ထဲမှာချည်း တကုပ်ကုပ်ရေးနေရ တာ ငြီးငွေ့မှာပေ့ါ။ ဒီမှာပူလည်းပူနေပြီ။ ဟိုမှာဆို ဒီအချိန် သိပ်နေလို့ကောင်းတာမဟုတ်လား”

မေနုပြောကာမှ အလင်းပြင်ဦးလွင်ကို ပိုလွမ်းသွားပါသည်။ ပြင်ဦးလွင်ကို ဘွားဘွားသိပ်ကြိုက် ခဲ့သလို အလင်းကလည်း ဒီမြို့ကလေးကို သိပ်ချစ်ပါသည်။ ဒီမြို့ကတော်ကလေးရဲ့ အတိတ်ခြေရာတွေ ကိုလည်း စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ဖူးပါသ်ည။

အလင်းအသက် ၂၀ကျော်ရုံကလေးမှာ အချစ်ဝတ္ထုစာရေးဆရာမလေး ဖြစ်လာပြီးနောက် နွေ ရာသီတိုင်းပြင်ဦးလွင်ကို အခေါက်ခေါက် ရောက်ခဲ့ဖူးပြီမို့ မြို့ကလေးဟာ ကိုယ့်မြို့ကလေးလိုပင် ရင်းနှီး ကျွမ်းဝင်နေခဲ့ပြီ။ ပြင်ဦးလွင်မှာ စာရေးနေရသော အချိန်ကလေးတွေဟာ အလင်နုအတွက် သာယာ ပျော်ပိုက်ဖွယ် နိဗ္ဗာန်ဘုံကလေးတစ်ခု ဖြစ်ခဲ့ပါသည်။

“သမီးသူငယ်ချင်း ပန်းအိကလည်း သမီးသွားမယ်ဆိုရင် လိုက်ဖို့အသင့်ပဲ မဟုတ်လား။ သူလည်း ကားမောင်းတတ်တာပဲ။ အရင်နှစ်တွေကလိုပဲ တစ်လှည့်စီ မောင်းချင်မောင်းသွား။ ဒါမှမဟုတ် ပင်ပန်းမယ်ထင်ရင်လည်း အဝေးပြေးကားကြီးတွေစီးသွားပေါ့။ ဟိုတလောက သတင်းစာ ထဲမှာတောင်ဖတ်လိုက်ရသေးတယ်။ အထူးကားဆိုလာ း ဘာလားထ ုင်ခုံတစ်ခန်းကို သုံးခုံပဲထားတာ တဲ့။ အိမ်သာလည်းပါတယ်တဲ့။ ကျယ်ကျယ်ဝန်းဝန်းသက်သက်သာသာလေး စီးလိုက်သွားရုံပဲ။ ညစာ တောင်ကျွေးသေးဆိုလား…”

“ကားဘယ်လောက်ကောင်းကောင်း မြင့်တဲ့ကားစီးရင် ခေါင်းမူးလို့ပါမေနုရာ”

“ကိုယ့်ဘာသာ မောင်းသွားရင် ပိုပင်ပန်းမှာပေါ့….”

“ကားသာမောင်းသွားလို့ကတော့ မပင်ပန်းပေါင်…..”

“ဟင်…ညည်းကိုတော့ တကယ်မနိုင်ဘူး မိန်းကလေးဖြစ်ပြီး ဝါသနာပါစရာရှားလို့ ကားမောင်းတာမှ ဝါသနာပါရသတဲ့တော်။ ဟိုတလောကလည်း မဂ္ဂဇင်းတစ်ခုက အင်တာဗျူးတော့ ညည်းဖြေလိုက်တယ်မဟုတ်လား စာရေးတာအပြင် ခရီးသွားတာ ကားမောင်းတာ ကို ဝါသနာပါပါတယ်တဲ့။ ဖတ်တဲ့လူတွေကတော့ စာရေးဆရာမဖြစ်ပြီး ဂဏှာမငြိမ်တဲ့ ဝါသနာတွေပဲပါနေတဲ့ လက်လက်ထတဲ့ စာဂေးဆရာမလို့

ထင်ကြတော့မှာပဲ….”

“အဲဒီ လိုမျိုး ဝါသနာတကြီး ခရီးတွေလျှောက်သွားနေလို့သာ ကုန်ကြမ်းတွေရ၊ အကြံတွေထွက်။ ဒေသန္တရ ဗဟုသုတတွေရပြီး စာကောင်းကောင်းရေးနိုင်နေတာကို အလင်းပရိသတ်က နားလည်ပါတယ် မေနုရာ…”

“အေးပါ အေးပါ ကိုယ့်ဆင်ခြေနဲ့ကိုယ်တော့ ဟုတ်နေတာပေါ့….”

“ငယ်တုန်းရွယ်တုန်း သွားနိုင်တုန်း နေရာအနှံ့လျှောက်သွားထားမှ အမြင်ကျယ်မှာပေါ့။ အသက်ကြီးရင် သွားချင်လို့တောင် သွားနိုင်တော့မှာ မဟုတ်ဘူးလေ…”

“အေးပါ ခရီးသွားတာတော့ မေနုအားပေးပါတယ်။ ခရီးဝေး ကားမောင်းသွားရင်သာ စိတ်ပူရ တာ သမီးတို့က လူငယ်လည်း လူငယ် ကားမောင်းလည်း ဝါသနာပါကြတော့ အဝေးပြေးလမ်းမကြီး ပေါ်မှာ မောင်းကောင်းကောင်းနဲ့မောင်းရင်း အရှိန်မြင့်လို့ မြင့်မှန်းမသိ အန္တရာယ်ဖြစ်မှာကိုပဲကြောက် တာ…”

“အလင်းမောင်းရင် ကီလို ၈၀ထက်ပိုမကောင်းပါဘူးမေနုရဲ့။ တချို့အကွေ့အကောက်များတဲ့ နေရာတွေဆို ကီလို ၆၀ပဲမောင်းတာပါ”

“မနေ့က မန္တလေးက ပြန်လာတဲ့ ဟိုဘက်ခြံက ဒေါ်တင်တင်ဦးတို့ ပြောနေကြတာတော့ အဝေးပြေးလမ်းမကြီးဖောက်လိုက်လို့ မန္တလေးကို ၈နာရီလောက်နဲ့ရောက်တာအရမ်းကောင်းပေမယ့် မြို့တွေရွာတွေကိုမဖြတ်ဘဲမောင်းသွားရတာ ပျင်းစရာကောင်းတယ်တဲ့။ အော်တိုဂီယာကားတွေ မောင်းရတာ ပိုပျင်းစရာကောင်းတယ်တဲ့။ မငိုက်မိအောင် အရမ်းသတိထားရတယ်တဲ့။ လမ်းပေါ်ကို ကျွဲနွားတွေ ဆိုင်ကယ်တွေ လူတွေတက်လှာ အရမ်းကြောက်ရတယ်တဲ့…အရှိန်နှုန်းမြင့်ပြီး မောင်း လာတုန်း

တစ်ခုခုကို ရှောင်လိုက်ရလို့ ကိုယ့်အရှိန် ကိုယ်မထိန်းနိုင်တော့ဘဲ ဒုက္ခရောက်ရတဲ့ ကားတွေ မနည်းဘူးတဲ့။ ပြီးတော့နေပြည်တော်အလွန် မိတ္တီလာလွင်ပြင်ဘက်ကိုဖြတ်ပြီး ကားမောင်းရင် လေတွေ အရမ်းတိုက်ပြီး ကားကိုတွန်းနေသလိုဖြစ်လို့ ကားလဲမသွားအောင် သတိထားမောင်းဂုတယ် တဲ့”

“သူတို့ကားက ဟိုက်အေ့(အံစာတုံး)လေ၊ လေးထောင့်မြင့်မြင့်အတုံးလေလိုဖြစ်နေတာတော့ လေတိုက်ခံရတာ သိတာပေ့ါ။ အလင်းကားက မတ်တူးဆိုတော့မြေမှာဝပ်နေတာ။ ဘာလေတိုက်တိုက်မသိဘူး။လေတိုက်ပေမယ့် အရမ်းကြီးမဆိုးပါဘူး။. သတိထားမောင်းလိုက်ရင် ရတာ ပဲ”

“အေးလေ....မောင်းနေတဲ့လူကပိုသိမှာပေ့ါ။ မေနုက စိုးရိမ်လို့ပြောတာပါ”

“မေနုလည်းလိုက်ခဲ့ပါလားဟင်....”

“မေနုခန္ဓာကိုယ်ကြီးလည်း ကြည့်ဦးလေ အလင်းရဲ့။ ဒီခန္ဓာကိုယ်ဂဂကြီးနဲ့ ကားကြာကြာ ထိုင်မစီးနိုင်ပါဘူးကွယ်။ လေယာဉ်လည်းမစီးရဲတော့ ခရီးထွက်ဖို့ဆိုတာ စိတ်ကူးထဲတောင် မထည့်နိုင်အားပါဘူးအေ.....”

အလင်းက မေနုရဲ့ ပါးအို့ဖောင်းအိအိကြီးကို ချစ်စနိုးတစ်ချက်လှမ်းဖျစ်လိုက်မိပါသည်။ မေနုနဲ့ အလင်းနဲ့ဟာ သွေးသားမတော်စပ်ပေမဲ့လည်း သံယောဇဉ်ကတော့ သွေးသားရင်းထက် မလျော့ခဲ့ပါ...။ အလင်းဆယ်နှစ်သမီးအရွယ်မှာ မေမေဆုံးကတည်းက အလင်းရဲ့ ဝေယျာဝစ္စလေးတွေကို မေနုပဲလုပ်ကိုင်ပေးပြီး အလင်းကိုမေတ္တာနဲ့ စောင့်ရှောက်ပေးခဲ့တာပါ။ သူများ မေးရင်တောင် အလင်းရဲ့နာနီကြီးပါလို့ မပြောရက်ဘဲ အဒေါ်ရင်းပါလို့ပဲ ပြောဖြစ်တော့တာ။

အဘွားရှိပေမယ့်လည်းအဘွားကမင်းသမီးကြီးတစ်ပါးလို့

ထည်ထည်ဝါဝါနေတတ်သူမို့ အလင်းရဲ့ ဝေယျာဝစ္စတွေနဲ့ အိမ်မှုကိစ္စတွေကို မေနုသာလုပ်ခဲ့ရပါသည်။

အဘွားဆုံးပြီးနောက်မှာ အမေရိကား ရောက်နေသော ဒက်ဒီက အလင်းကို သူ့ဆီလိုက်ခဲ့ဖို့ ခေါ်ခဲ့ပါသည်။ ဒီမှာဆွေမျိုးရယ်လို့ မရှိသော အလင်းကို သူ့ဆီမှာသာ လာနေစေချင်သော်လည်း အလင်းကအခုချိန်ထိ ခေါင်းမာငြင်းဆန်ဆဲပင်။

“ကဲ....သွားမယ်ဆိုလည်း ခုကတည်းက စီစဉ်စရာရှိတာ စီစဉ်တော့လေ။ ပန်းအိရော အားရဲ့ လားဆိုတာ ဖုန်းဆက်မေးဦး။ ဘယ်တော့လောက် သွားမယ်စိတ်ကူးလဲ...”

“မနက်ဖြန်....”

“ဩော်....တော်တော်မသွားချင်ရှာဘူး။ ဘယ်လောက်မှ မတိုက်တွန်းလိုက်ရပါလားအေ”

“အဟိ...ပန်းအိဆီဖုန်းဆက်လိုက်ဦးမယ်နော် မေနု”

“ဆက်...ဆက်...”

“မိနစ်ပိုင်းအတွင်းတက်ကြွသွားလိုက်တာ ယုံတောင်မယုံနိုင်ဘူး ခုခေတ်ကလေးတွေများ စိတ်အပြောင်းအလဲ မြန်လွန်းလို့ လိုက်တောင်မမီဘူး”

မေနုက ငေါ့တော့တော့လေးပြောရင်း အလင်းသောက်ပြီးသွားသည့် ဖျော်ရည်ဖန်ခွက်ကိုယူကာ အခန်းထဲမှထွက်သွားပါသည်။

အလင်းက စာရေးစားပွဲပေါ်က ဖုန်းကိုယူကာ စားပွဲဘေးက အိပ်ရာပေါ် အိခနဲ ပစ်လှဲအညောင်း ဆန့်လိုက်ရင်း ပန်းအိဆီဖုန်းခေါ်လိုက်သည်။

“ဟဲလို...”

“ဟိတ်...ဒေါ်ပန်းအိ ဘာလုပ်နေလဲ”

“ဆိုင်ထိုင်ရင်း ပျင်းလွန်းလို့ ဘယ်ထွက်ပြီးကားမောင်းရကောင်းမဲ စဉ်းစားနေတာလေ”

ပန်းအိအဖြေကြောင့် အလင်းက ရယ်ချင်သွားမိသည်။ ပန်းအိဟာ သူ့အမေကို မလွန်ဆန်နိုင်လို့သာ ([illegible]) စင်တာထဲက ရွှေဆိုင်မှာ ထိုင်ရပေမယ့် အဲ့ဒီလိုဆိုင်ထိုင်ရသည့်အ လုပ်ကို အမုန်းဆုံးဟုဆိုသည်။ အလင်းက ခရီးသွားဖို့ အဖော်ခေါ်ပြီဆို သူလောက်ပျော်တာမရှိတော့။ အလင်းအဖော်မရှိလို့ လိုက်သွားရမှာဟု အကြောင်းပြလျှင် အလင်းကိုချစ်ခင်သဘောကျသော သူ့မေမေကလည်းအသာတကြည်ခွင့်ပြုတတ်တာကြောင့်ပင်….။

“ငါ့ဒုက္ခကို နင်စာနာကြည့်စမ်းပါ အလင်းရယ်။ ဟိုဟိုဒီဒီလတ်လျားလတ်လျား သွားနေရမှ နေသာထိုင်သာရှိတဲ့ ဒီသမီးကို ရွှေဆိုင်မှာ ခြေချုပ်ချခံထားရတာ ပျင်းလွန်းလို့ လဲသေချင်တယ်ယ။ ဆိုင်က လူဝင်လူထွက်လည်းမများတော့ ပိုတောင်ပျင်းစရာကောင်းသေးတယ်။ ဖိနပ်ဆိုင်တို့ဖက်ရှင် ဆိုင်တို့ကမှ လူဝင်များလို့ အပျင်းပြေသေးတာ။ စင်တာထဲမှာ အဲကွန်းလည်းအေးတော့ လူကလည်းကုပ်ချိညောင်းညာ၊ စိတ်ကလည်းထိုင်းမှိုင်းလေးလံ… သည်းမခံနိုင်တော့ ဘူးဟာ…. ညနေကျ ကားလျှောက်မောင်းဦးမယ်”

“ရန်ကုန်မြို့ကြီးထဲ ရုံးဆင်းချိန် ကားလျှောက်မောင်းလို့ကတော့ ရူတောင်သွားဦးမယ်။ ဒီလောက်ကားတွေကျပ်ညပ်ပိတ်ဆို့နေတာ။…”

“အေးဟယ်…စိတ်လေတယ်…တကယ်..”

“စိတ်လေမနေနဲ့…မနက်ဖြန်ကျမှ ဟိုင်းဝေးလမ်းမကြီးမှာမောင်းတော့….”

“ဟင်….နင်ခရီးသွားတော့မလို့လား”

“အေး….”

“ဟား….မိုက်တယ်။ လိုက်မယ် ဘယ်ကိုလဲ…..”

“ပြင်ဦးလွင်…”

“ဟား..။…ကြိုက်တယ် ရယ်ဒီပဲ…”

ဘယ်တုန်းကလည်းက သွားချင်နေမှန်းမသိသော ပန်းအိကို နှစ်ခါတောင် မခေါ်လိုက်ရ။ သူက ကိုယ့်ထက် ပိုတက်ကြွနေပါသည်။

“ငါတို့ဘယ်မှာတည်းမှာလဲ အလင်း…..”

“အရင်လိုပဲပေ့ါ…..နန်းမြိုင်မှာ တည်မယ်။ နန်းမိုတို့အိမ်နဲ့လည်းနီးတော့ ငါဆိုင်ကယ်စီးချင်ရင် သူလာခေါ်လို့အဆင်ပြေတာပေ့ါ….”

“အလင်းကလည်းဟယ်….တစ်ခါလာလည်း ဒီဟိုတယ်ပဲတည်းနေတာပဲ။ တစ်ခါတစ်လေ အပြောင်းအလဲလေးဖြစ်အောင် တခြား၊ ဟိုတယ်ပြောင်းတည်းကြည့်ပါလား၊ နန်းမြိုင်က မြို့ထဲနဲ့လည်းဝေးတယ်လေ။ မြို့ထဲနားနီးနီးတည်းပါလား”

“နန်းမြိုင်ကို ငါသဘောကျလို့ပါ။ မြို့ထဲနဲ့ဝေးလေ ပိုကြိုက်လေပဲ။ အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ်လေးမှ စာရေးဖို့ ပိုအဆင်ပြေတာလေ။ အဆောင်(၃)က စာရေးတဲ့အခန်း ကလေးပါတဲ့အခန်းကို ယူလိုက်မယ်”

“နင်အတွက်တော့အဆင်ပြေတာပေ့ါဟယ်၊ နင်စာရေးနေတုန်းလတ်လျားလတ်လျား လျှောက်သွားချင်တဲ့ ငါကတော့ မြို့ထဲနားနီးတာကို ပိုကြိုက်တာပေ့ါ…”

“ပြင်ဦးလွင်ပဲဟယ် ဘယ်ကနေ ဘယ်သွားသွားသိပ်မဝေးလှပါဘူး။ နောက်နှစ်ကျမှ နင်တည်းချင်တဲ့ဟိုတယ်မှာတည်းပေ့ါမယ်။ ဒီနှစ်တော့နန်းမြိုင်မှာပဲ တည်းပါရစေနော်”

“အေးပါ…အေးပါ၊ ဩော် ဟဲ့ဒီအချိန်ဆို နင့်ဂတ္တူတွေဝယ်ဝယ်ရိုက်တဲ့

ဒါရိုက်တာ ကိုဇော်တို့ရုပ်ရှင်အဖွဲ့တွေလည်းပြင်ဦးတက်နေကျမဟုတ်လား.....”

“သူတို့သွားတာ တစ်ပတ်လောက်ရှိပြီဟ။ မသွားခင်လေးပဲ ငါ့ဆီက ဂုဏ်ထူးတစ်အုပ် လာဝယ်သွားတာ”

“ဟိဟိ.....ဒါဆိုမပျင်းရတော့ဘူး။ သူတို့ရိုက်ကွင်းတွေလိုက်ကြည့်ရမယ်”

“လုပ်ပြီ...နင်ကတော့ ဒါပဲ”

“ငါ့ကိုရိုက်ကွင်း လိုက်ပို့ပေးမယ် မဟုတ်လား”

“မပို့ပါဘူး။ နင့်ဘာသာ နန်းမိုနဲ့သွား”

“နင်ရော လိုက်မကြည့်ချင်ဘူးလား”

“အမြဲမကြည့်ပါဘူး။ တစ်ခါတလေပဲ ကောင်းတယ်။ သူတို့ဘာသာ လွတ်လွတ်လပ်လပ် အလုပ်လုပ်ကြပါစေ ငါ့ဂုဏ်ထူးရှိနေရင် ပိုတောင်မသွားချင်သေးတယ်။ ငါ့မျက်နှာကြီးကန့်လန့်ကန့်လန် မြင်နေရရင် သူတို့အလုပ်လုပ်တဲ့နေရာမှာ အနှောင့်အယှက်ဖြစ်နေပါဦးမယ်”

“ပြီးရော ငါကတော့သွားမှာပဲ”

“အေး...ကြပ်ကြပ်သွား၊ ကိုဇော်တို့က နင့်ကို ဖြတ်လျှောက်အခန်းထဲ ထည့်ရိုက်လိုက်လိမ့်မယ်....”

“အဟိ...ရိုက်ပစေပေါ့။ ဘယ်နေရာက ပါရပါရ ရိုက်ချင်နေတာ။ မာမီကြောက်လို့ ငြိမ်နေရတာ ”

“အံ့ရော မနိုင်ဘူး....”

“ဩော်...ပြောဖို့မေ့နေလိုက်တာမေမွန်ပြန်ရောက်နေတယ်ဟဲ့ ဟုတ်လား”

"ဟယ် ဟုတ်လား ကြည့်စမ်း မိမွန်မ…ငါ့ဆီတောင် ဖုန်းဆက်ဖော်မရဘူး"

မေမွန်က အလင်းအင်မတန်ချစ်ခင်ရသော သူငယ်ချင်းကလေးမို့ အလင်းပျော်သွားမိပါသည်။

မေမွန်က စင်ကာပူမှာ ကျောင်းသွားတက်ပြီး ဟိုမှာပဲ အလုပ်ဆက်လုပ်နေကာ တစ်နှစ်ကို နှစ်ပတ်လောက် ခွင့်ယူပြီး မြန်မာပြည်ကို ပြန်လာနေကျပင်။

"သူက ဒီတစ်ခါ အလည်ပြန်လာတာ မဟုတ်ဘူးဟ။ အပြီးပြန်လာတာ…."

"ဟယ်…ကောင်းလိုက်တာ ငါလည်း သူ့ကိုပြန်လာစေချင်နေတာ…."

"သူကဒီမှာ ကိုယ်ပိုင်စီးပွားရေးလေးတစ်ခုခု လုပ်မှာတဲ့။ အလုပ်တွေစမလုပ်ခင် ခရီးလည်း ထွက်ချင်တယ်ပြောနေတာ။ အတော်ပဲ…..သူ့ကိုပါ ခေါ်သွားဂအောင်"

"အေး….ကောင်းတယ်။ သုံးယောက်ဆို အုပ်စုကတော့ အတော်ပဲ"

"ပြန်ရောက်စဆိုတော့ ဟိုရက်တွေက အလုပ်များနေလို့ နင့်ဆီ သူဖုန်းမဆက်အားသေးတာ။ ငါနဲ့ကတော့ ခြံချင်းကပ်ရက်မို့လို့သာ တွေ့ဖြစ်တာ ငါသူ့ကိုပြောပြီး စီစဉ်စရာ ရှိတာစီစဉ်လိုက်မယ်။ နင်ကားနဲ့သွားမလား။ ငါ့ကားနဲ့သွားမလား…."

"ငါ့ကားနဲ့ပဲ သွားမယ်။ နင့်ပြိုင်ကားကြီး မမောင်းရဲပါဘူး။ အဝေးပြေးလမ်းပေါ်ရောက်ပြီး စိတ်မထိန်းနိုင်ဘဲဖြူးဖြဲမောင်းမိရင် နှစ်ယောက်လုံးဂိနေဦးမယ်"

"အဟိ…အဲဒါတော့ ဟုတ်တယ် နင့်မတ်တူးကြီးက

နည်းနည်းပိုဇိမ်ကျတော့ ခရီးမပမ်းဘူးပေ့ါ ဟာ”

“အိုခေ….ဒါဆို ညနေ ၄ါကားကို စစ်စရာရှိတာ သွားစစ်ထားလိုက်မယ်။ အိုခေနော်….”

“အိုခေ….ရယ်ဒီ…”

ခရီးသွား၇တော့မှာမို့ နှစ်ယောက်စလုံးဟာ ပုံမှန်အချိန်တွေထက်ပိုပြီး လန်းဆန်းတက်ကြွ နေပါသည်။

ပန်းအိနှင့်ဖုန်းပြောပြီးတာနှင့် အလင်းက အဝတ်အစားလဲကာ ကားသော့ကလေးဆွဲညပီး အပေါ်ထပ်မှ ဆင်းလာသည်။

အလင်းအောက်ထပ်ရောက်တော့ အိမ်ရှေ့ဆီက ကားဟွန်းသံ ကြားလိုက်ရပါသည်။

မေနုက အိမ်ရှေ့သို့ ထွက်လာကာ….

“ဟော…ဦးတင်ကိုတို့ လာတယ်ထင်တယ်။ သူတို့ဒီနေ့သမီးဒက်ဒီ လူကြုံပေးလိုက်တဲ့ ပစ္စည်းထုပ်တွေ ဝင်ပေးမယ်ပြောတယ်။ မောင်သောင်းရေ…..တံခါးသွားဖွင့်ပေးလိုက်ပါဟေ့….”

“ဟုတ်ကဲ့ ကြီးကြီး”

ဆင်ဝင်ရှေ့က ပန်းအိုးတွေနှင့်အလုပ်ရှုပ်နေသော မောင်သောင်းက အိမ်ရှေ့ခြံတံခါးဆီသို့ ပြေးထွက်သွားပါသည်။

မေနုက အလင်းကိုလှမ်းကြည့်ကာ…

“သမီးက အပြင်သွားမလို့လား”

“ဟုတ် မေနု. မနက်ဖြန်ခရီးသွားမှာဆိုတော့ စိတ်ချရအောင် ကားအောက်ပိုင်းလေး စစ်၊ လေပေါင်ချိန်တာလေးတွေ သွားလုပ်လိုက်ဦးမယ်”

“စိတ်မြန်လက်မြန် ရှိလိုက်တာကလည်း ဘွားဘွားဘကြီးအတိုင်းပဲ ခဏနေဦး…မောင်တင်ကိုတို့နဲ့ စကားစမြည်ပြောဆိုနှုတ်ဆက်ပြီးမှ သွား….”

“ဟုတ်ကဲ့….”

အလင်းကခြံထဲသို့ ကားဝင်လာတာကို လှမ်းကြည့်ရင်းကြိုနေလိုက်ပါသည်။ ဦးတင်ကိုဆိုတာက ဒက်ဒီမိတ်ဆွေပင်။ အိမ်ကိုအမြဲဝင်ထွက်လေ့မရှိပေမယ့် အမေရိကားမှာ သူ့သမီးငယ်က ကျောင်းတက်နေတာမို့ အမြဲလို လူကြုံရှိကာ ဒက်ဒီ့ဆီက လူကြုံပါးပစ္စည်းလေးတွေကို လာပို့ပေးတတ်ပါသည်။

“အန်တီလှ…နေကောင်းလားခင်ဗျ”

“ကောင်းပါတယ်ကွယ်။ လာပါ…ဝင်ပါ မခင်မာရောမပါဘူးလား”

“ခင်မာက မင်္ဂလာဆောင်တစ်ခုသွား၇တယ် အန်တီ၊ ကျွန်တော်က အလုပ်ကိစ္စ တွေ့ရမယ့် မိတ်ဆွေတစ်ယောက်ဆီလာရင်း ဒီနဲ့နီးတာနဲ့တစ်ခါတည်းဝင်လာခဲ့တာ။ ဟဲလို သမီးနေကောင်းတယ်နော်”

“ဟုတ်ကဲ…ကောင်းပါတယ်အန်ကယ်လ်၊ ထိုင်ပါဦးရှင့်….”

အန်ကယ်လ်ဦးတင်ကိုက ဧည့်ခန်းမှာ ဝင်ထိုင်လိုက်ပြီမို့ အလင်းကလည်း မျက်နှာချင်းဆိုင် ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်ပါသည်။

“ရော့….သမီး၊ ဒါက သမီးဒက်ဒီလူကြုံပါးလိုက်တဲ့ပစ္စည်းထုပ်”

အလင်းက အန်ကယ်လ် ဦးတင်ကိုလှမ်းပေးသည့် ပစ္စည်းထုပ်ကို တရိုတသေ လှမ်းယူလိုက်ရင်း….

“ကျေးဇူးတင်ပါတယ် အန်ကယ်လ်၊ ခဏခဏ ယူလာပေးရတာ အားနာလှပါပြီ။”

“အန်ကယ်လ်ကို အားနာရင် သမီးဒက်ဒီဆန္ဒကို

လိုက်လျှော့လိုက်ပါကွယ်။ အဲဒါဆိုအန်ကယ်လ်လည်း ခဏခဏ ပစ္စည်းလာပို့ရတဲ့အလုပ် မလုပ်ရတော့ဘူးပေါ့.....”

အန်ကယ်လ်ဦးတင်ကိုက အလင်းကို အမေရိကားလိုက်လာနေစေချင်သည့် ဒက်ဒီဆန္ဒကို သိထားသူမို့ တိုက်တွန်းစကားပြောလာခဲ့တာပင်။

မေနုက မီးဖိုချောင်ဘက်ကို အအေးဖျော်ခိုင်းဖို့ထွက်သွားသဖြင့် အန်ကယ်လ်ဦးတင်ကို စကားကိုကြားမသွားခဲ့တာပင်။

အလင်းက ခပ်နွမ်းနွမ်းကလေး ပြုံးကာ သက်ပြင်းချရင်း....

“အလင်းလည်း စဉ်းစားနေပါတယ် အန်ကယ်လ် ချက်ချင်းကြီး ဆုံးဖြတ်ဖို့တော့ မလွယ်လို့ပါ”

“အေးလေ....စဉ်းစားပေါ့ကွယ်။ လောကကြီးမှာ ပြေးကြည့်မှသွေ့သားရင်းချာဆိုလို့ ဒီသားအဖ နှစ်ယောက်ပဲရှိတော့တာမဟုတ်လား”

ခဏနေတော့ မေနုက အအေးလင်ဗန်းကို ကိုယ်တိုင်မကာ ဧည့်ခန်းစားပွဲပေါ်မှာ လာချပေးပြီး အလင်းဘေးမှာ ဝင်ထိုင်လိုက်ပါသည်။

အန်ကယ်လ် ဦးတင်ကိုက စားပွဲပေါ်က အလင်းရဲ့ ဒီလထုတ်ဂျတ္တုစာအုပ်လေးကို လှမ်းယူကြည့်လိုက်ရင်း...

“သမီးလည်း အောင်မြင်တယ်နော်။ သတင်းစာထဲမှာတော့ သမီးဂျတ္တုကြော်ငြာလေးတွေ ပုံမှန် တွေ့တွေ့နေတယ်။ သမီးအန်တီမခင်မာကတော့မြန်မာကားတွေ မှန်မှန်ကြည့်တော့ သမီးဂျတ္တုတွေကို ရုပ်ရှင်ဗီဒီယိုတွေ အများကြီးရိုက်ရတယ်လို့ ပြောတယ်”

အလင်းက ကိုယ်အောင်မြင်မှုကို တစ်စုံတစ်ယောက်က ချီးကျူးတိုင်း

ရုက်ကိုးရှက်ကန်းဘာပြန်ပြောရမှန်းမသိသူမို့ ခေါင်းငုံ့ကာ အသာအယာပြုံးနေမိသည်။

"အေးလေ.....ဒီမှာအောင်မြင်နေတော့လည်း ဟိုကိုသွားဖို့တွန့်ဆုတ်မှာပေ့ါ။ ဒါပေမဲ့ သမီးဖေဖေဘက်က ကြည့်တော့လည်း သူ့သမီးကလေးကို သူပနားမှာ ခေါ်ထားချင်ရှာမှာပေ့ါ။ စဉ်းစား ပေ့ါကွယ်"

အလင်းက ဘာမှပြန်မပြောဘဲ ငြိမ်နားထောင်နေမိသည်။

"ခုတလော ရာသီဥတုကလည်း ပြန်ပူလာတယ်နော်။ ပူရင် သမီးစာရေးရတာ ပင်ပန်းမှာပေ့ါ။ သမီးပြင်ဦးလွင်မှာ အေးအေးဆေးဆေးစာသွားရေးချင်ရင်လည်း ပြော၊ ဟိုတလောကမှ အန်ကယ်လ် တို့ပြင်ဦးလွင်မှာ ခြံကျယ်ကျယ်နဲ့အိမ်တစ်လုံး ဝယ်လိုက်ဖြစ်တယ်။ မိသားစုအေးအေးဆေးဆေးသွားနားဖို့ ဝယ်လိုက်ပေမယ့် ခုထိတော့ မအားသေးတာနဲ့ မသွားဖြစ်သေး ဘူး။ သမီးသွားရင် အဲဒီ မှာသွားတည်းလို့ရတယ်"

"အဆင်သင့်လိုက်တာ မောင်တင်ကိုရယ်။ အလင်းက မနက်ဖြန်ဘဲ ပြင်ဦးလွင်ကိုသွားပြီး စာရေးတော့မှာ"

"ဟာ...ဟုတ်လား ဒါဆိုအန်ကယ်လ်တို့အိမ်မှာ တည်းလေသမီး။ အန်ကယ်လ် ပြင်ဦးလွင်အိမ်ကို ဖုန်းဆက်ထားလိုက်မယ်။ ဟိုမှာအိမ်စောင့်ရှိတယ်။ ရွာဘက်က ရိုးရိုးသားသားမောင်နှမနှစ်ယောက်ကိုခေါ်ထားလိုက်တာ။ အစ်မက အိမ်သန့်ရှင်းရေးလုပ်၊ မောင်က ခြံရှင်းပေ့ါ။ သမီးတို့ စာရေးသောက်ရေးလည်းပူစရာမလိုဘူး။ မဝင်းမြက ဟင်းချက်ကောင်းတယ်။ ချက် ပြုတ်ကျွေးပါလိမ့်မယ်"

အန်ကယ်လ် ဦးတင်ကိုနှင့် မေနုက အားတက်သရော တိုက်တွန်းပြောဆိုနေပြီး မေနုကလည်း သွားတည်းစေချင်တာမို့ အလင်းက ဘယ်လိုဆုံးဖြတ်ရမှန်းမသိ ဖြစ်နေပါသည်။

“ဟို…အန်ကယ်လ် အလင်းက
အမြဲနန်းမြိုင်မှာပဲတည်းနေကျဆိုတော့….”

“ဟိုတယ်မှာတည်းတာထက် အိမ်မှာတည်းတာက ပိုပြီးလေ့လာစရာ အတွေ့အကြုံသစ် ရတာ ပေါ့ သမီးရဲ့၊ အန်ကယ်လ်တို့အိမ်က ရေချမ်းအိုးရွာထဲမှာ။ ရွာလေးက သာသာယာယာ ရှုခင်းကောင်းကောင်းလေ၊ မနက်မနက်ရွာထဲ လမ်းလျှောက်လို့လည်းရတယ်”

“ဟုတ်သားပဲ အလင်းရယ်၊ မောင်တင်ကိုတို့အိမ်မှာပဲ တည်းလိုက်ပါ။ အမှန်အတိုင်းပြောရရင် သမီးတို့ မိန်းကလေးတွေချည်း ဟိုတယ်မှာတည်းနေတာကို မေနုသိပ်စိတ်ချတာ မဟုတ်ဘူး”

“စိတ်မချစရာတော့မရှိပါဘူး မေနုရယ်။ စာရေးဆရာမစာလာရေးတယ်ဆိုတာ ဟိုတယ် ဝန်ထမ်း တွေလည်းသိပြီးခင်တောင်နေပါပြီ”

“အပြောင်းအလဲလေးဖြစ်အောင် တည်းလိုက်ပေါ့ သမီးရဲ့။ သမီးပြင်ဦးလွင်ကပြန်ရင် အန်ကယ်လ်အိမ်မှာ မေ့ကျန်နေခဲ့တဲ့ ပစ္စည်းလေးတွေလည်း ပြန်မှာလို့ရတာ ပေါ့။ သွားလိုက်ပါ”

နှစ်ယောက်လုံးက ဝိုင်းတိုက်တွန်းနေတာမို့ အလင်းက ခေါင်းညိတ်လိုက်ရပါသည်။ အတွေ့အ ကြုံသစ်ကိုတော့ အလင်းလည်းလိုချင်သားမို့ပင်……

*

နောက်တစ်နေ့ မနက်စောစောတွင် အလင်းနှသည်

အလွန်ပေ့ါပါးရွှင်လန်းသော စတိုင်လ်ဖြင့် အပေါ်ထပ်မှ ပြေးဆင်းလာရင်း နှုတ်မှ အဆက်မပြတ် လှမ်းပြောလာပါသည်။

"သန်းသန်းရေ....ငါထည့်ခိုင်းထားတဲ့ ပစ္စည်းတွေစုံအောင်ထည့်ရဲ့လား"

"ထည့်ပါတယ်မမ...."

"အေးမေရေ....အေးမ..."

"ရှင်....မမ"

"လာ...လာ...မြန်မြန်လာ"

"လာပါပြီ...."

"နင် ငါ့ခုတင်ဘေးမှာ ချွတ်ထားတဲ့ ဖိနပ်ထည့်လိုက်သေးလား"

"အိမ်နေရင်း စီးတဲ့ မွေးပွဖိနပ်ကလေးကို ပြောတာလားမမ"

"အေးဟုတ်တယ် pooh အရုပ်ကလေး မျက်နှာနဲ့နားရွက်လေး နှစ်ဖက်ထောင်နေတဲ့ဖိနပ်လေ..."

"အဲဒါတော့မထည့်လိုက်မိဘူးမမ"

"သွား...သွား...အဲ့ဒီဖိနပ်လေး ငါ့အခန်းထဲမှာ သွားယူလာခဲ့"

"ဟုတ်...."

"သန်းသန်း ငါ့ရေဘူးကလေး ပါ့တယ်နော်"

"ဟုတ်...ပါပါတယ် မမ"

"ငါ့ဘော်လ်ပဲန်အိတ်ကလေးရော...."

"ဟုတ်ကဲ့ပါပါတယ်။ ဒီမှာမမရဲ့ စာရေးကိရိယာအစုံထည့်ထားတဲ့အိတ်ပါ"

"အေးမရေ….. မြန်မြန်လာဟေ့"

"လာပါပြီ….."

"ဟဲ့…အလင်းရယ်။ ညည်းမလဲ ခရီးထွက်တော့မယ်ဆို ပျာယာခတ်နေပြီ။ စိတ်အေးအေးထား ပါတ်။ ကိုယ့်ကားနဲ့ကိုယ် သွားတာပဲ။ တကတည် ကားမမီမှာစိုးလို့ လောနေတဲ့အတိုင်းပဲ"

ယူသွားမယ့် ပစ္စည်းအိတ်ကလေးတွေနားမှာထိုင်ကာ ဟိုအိတ်ဖွင့်စစ်၊ ဒီအိတ်ဖွင့်စစ် လုပ်နေသော အလင်းကို မေနုက မျက်စိနောက်လာပုံဖြင့် လှမ်းပြောလိုက်ပါသည်။

အလင်းက တော့ မေနုကို ဟဲခနဲတစ်ချက်ရယ်ပြပြီး စာရေးကိရိယာအိတ်ကို သေချာပြန်စစ်နေ လိုက်သည်။

ထိုခဏမှာ အိမ်ရှေ့မှ ကားသံကြားရပြီးနောက် မေမွန်နှင့်ပန်းအိတို့က အထုပ်အပိုးကိုယ်စီဖြင့် ရောက်လာ့ပြါသည်။

"အလင်းရေ….ပြီးပြီလားဟေ့"

"ပြီးပီ….အိုကေ…ရယ်ဒီ၊ ဟဲ့…မိမွန်လာခဲ့၊ နင်က ခုမှ ငါ့ရှေ့တော်မှောက်ကို ထွက်လာတော်မူ တယ်။ တွေ့မယ်… ပြင်ဦးလွင်ကိုရောက်မှ…."

"ငါ တကယ်မအားလို့ပါဟယ်။ ခုကဟပြီး အတိုးချတွေ့ရတော့မှာပဲဟာ။။ နင့်လက်ထဲ ဘယ်ကလေးရဲ့အိတ်လဲ"

မွန်မွန်က အလင်းလက်ထဲ Angry Bird အရုပ်လေးပါသည့် အိတ်ကိုကြည့်ရင်း လှမ်းမေး လိုက်တာမို့ အလင်းက ပခုံးလေးတွန့်လိုက်ရင်း…

"အဟီး….ဘယ်ကလေးအိတ်မှ မဟုတ်ဘူး။ ငါ့အိတ်၊ ငါက ကာတွန်းပုံကလေးတွေ၊ အန်ဂရီး ဘတ်ပုံလေးတွေအရ/မ်းကြိုက်လို့….."

“ဟင်…ပေါလိုက်တာ။ ပြပါဦး…ဘာထည့်ထားသလဲဆိုတာ”

“စာရေးကိရိယာတွေပါဟဲ့…”

မေမွန်က အလင်းလက်ထဲက အိတ်ကို လှမ်းယူပြီး ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ထုတ်ကြည့်နေ သည်။

ဒစ်စနေး ကာတွန်းပုံလေးတွေပါသည့် ဘောလ်ပဲန်လေးတွေ၊ ဘောလဲပဲန်ထည့်သည့် ဒေါ်နယ် ဒက်ပုံမွှေးပွအိတ်၊ အန်းဂရီးဘတ်ဗလာစာအုပ်၊ မှတ်စုစာအုပ်လေးတွေကို တစ်ခုချင်းစီကြည့်ရင်း မေမွန်က ရယ်လျက်….

“စာရေးဆရာမကြီးကလည်း ကလေးဆန်လိုက်တာ”

“ကလေးပစ္စည်းလေးတွေဆို ငါချစ်လို့ပါဆို…..”

“ဒါနဲ့ နေပျုဦး၊ စာရေးဆရာမ အလင်းနု စတိုင်လ်က လန်းလွန်းမနေဘူးလား”

မေမွန်က အလင်းကိုခြေဆုံးခေါင်းဆုံးကြည့်ရင်း မေးလိုက်တာပင်။ အဖြူရောင် ဂျင်းဘောင်းဘီ သရီးကွာတာလေးနှင့်အနီကွက် ချည်သားရှပ်လေးဝတ်ကာ ခါးမှာ ခါးပတ်နက်လေးပတ် ထားပြီး အောစတားဖိနပ်အနီစီးထားသော အလင်းနုက မချိုမချဉ်ပြုံးကာ ရှပ်အင်္ကျီမှာ ချိတ်ထားသည့် နေကာ မျက်မှန်အဝိုင်းကြီးကို ထုတ်တပ်၊ လက်ပိုက်ရပ်ပြလိုက်ရင်း….

“စာရေးဆရာမတို့က ခပ်လန်းလန်းပဲလေ။ သိတယ်မဟုတ်လား”

“ပေါပြန်ပြီ….”

“ဟဲ့…ကလေးတွေ စကားများမနေနဲ့။ အလင်းရေ…ညည်းအိုက်တင်ထုတ်ပြချင်ရင်လည်း လမ်းကျမှသာ ထုတ်ပေတော့။ အရမ်းနေမြင့်သွားရင် ကားမောင်းရတာ ပင်ပန်းနေမယ်။ စောစောထွက်ကြ။

မောင်သောင်းရေ….အထုပ်အပိုးတွေ အလင်းကားပေါ်တင်ပေးလိုက်ပါဦးဟေ့….”

“ဟုတ်ကဲ့ ကြီးကြီး….”

မောင်သောင်းက အလင်းပစ္စည်းတွေကို ကားပေါ်သို့ တင်ပေးနေချိန်မှာ အလင်းက တစ်စုံတစ် ရာအတွက် နောက်ဆံငင်သလိုလို၊ တစ်စုံတစ်ရာကပဲ အလင်းကို ဖမ်းဆွဲထားလိုက်သလို ခံစားရလျက် ဆတ်ခနဲဖြစ်သွားကာ….

“မွန်….ပန်းအိ…နင်တို့ ကားပေါ်တက်နှင့်ကြ။ ငါယူစရာတစ်ခုကျန်နေလို့….”

ဟုပြောပြီး အပေါ်ထပ်သို့ တစ်လှစ်လှစ်ပြေးတက်လာခဲ့မိပါသည်။

အလင်းက လှျို့ဝှက်အခန်းလေးဆီသို့ ဦးတည်၍ လာခဲ့သည်။ ထို့နောက်အလင်းသိုင်းလွယ် ထားသည့် အိတ်သေးသေးလေးရဲ့ အတွင်းအိတ်ကပ်ထဲက သော့တံကလေးကို ထုတ်ယူကာ အခန်းတံခါးကို ဖွင့်ဝင်လာခဲ့သည်။

အလင်းက စာကြည့်စားပွဲအံဆွဲထဲက စာအုပ်ကလေးကို ဘယ်လက်ဖြင့် လှမ်းယူပြီး ရင်မှာအပ်လိုက်သည်။ ပြီးတော့နံရံမှာ ချိတ်ထားသည့်ဓားကို ညာလက်ဖြင့် လှမ်းကိုင်ကာ နဖူးဖြင့်တစ် ချက်အပ်လိုက်ပြီး ခဏငြိမ်နေလိုက်သည်။ ပြီးမှ စာအုပ်လေးကို ယူပြီးအခန်းထဲမှ ပြန်ထွက်လာခဲ့ပါသည်။

အလင်းရဲ့ ဒီခရီးမှာ အဘွားရဲ့အတိတ်တစ်စုံတစ်ရာကိုများ ရှာဖွေပေးနိုင်လေမလား….၊

အလင်းအပေါ်ထပ်က ဆင်းလာတာကို မေနုက အောက်ထပ်လှေကားရင်းမှ ကြိုစောင့်မော့ကြည့်နေသည်။

“ဘာကျန်ခဲ့လို့လဲ သမီး….”

“ဟို…အလင်းဖတ်ဖို့ စာအုပ်လေးကျန်ခဲ့လို့ပါ”

“ဂရုစိုက်မောင်းကြနော် သမီး....”

“ဟုတ်ကဲ့ပါ မေနုလည်း ကျန်းမာရေး ဂရုစိုက်”

“ကျန်းမာရေးကတော့ ဒေါင်ဒေါင်မြည်ပဲ။ မေနုအတွက် ဘာမှမပူနဲ့။ စာသာ များများရေးခဲ့။ ညည်းစာအုပ်ထွက်တာနှေးနေရင် ညည်းပရိသတ်တွေက ဖုန်းတဂွမ်ဂွမ်ဆက်ပြီး မထွက်သေးဘူးလား မေးနေတာ....”

“ဟုတ်ကဲ့ပါ....”

အလင်းက မေနုကို ဖတ်ကာ အိမ်ရှေ့သို့ ထွက်လာသည်။

တက်ကြွသူနှစ်ယောက်ကတော့ ကားပေါ်ရောက်နှင့်နေပြီ။

အလင်းကမေနုကို ပွေ့ဖက်နှုတ်ဆက်လိုက်ပြီး မောင်သူနေရာမှာ ဝင်ထိုင်လိုက်သည်။

“မေနု...တာတာနော်...တာ့တာ”

“မေနု...တာ့တာ၊ မေနုဖို့သမီးတို့အပြန်ကျရင် စထရော်ဘယ်ရီတွေ အများကြီးဝယ်ခဲ့မယ်သိလား”

“အေးပါ...အေးပါ....ငကဲမလေးတွေနော် ဟိုမှာသိပ်မကဲနေကြနဲ့ဦး”

“ဟိဟိ....မကဲပါဘူးမေနုရဲ့....”

“ရုပ်တွေကနော်၊ ဟင်း...ဟင်း...သုံးယာက်ပေါင်းလောင်းကျော်နေမှာ မြင်ယောင်တယ်။ ပန်းအိရေ....တစ်ရာ တစ်ဆယ့်ငါးမိုင်လောက်ကျရင် ညည်းတစ်လှည့် မောင်းနော်။ အလင်းကိုလွှတ် ပေးမထားနဲ့။ မောင်းကောင်းတိုင်း မောင်းနေဦးမယ်။ တစ်ယောက်ကမောင်းနေရင် တစ်ယောက်က အိပ်မနေနဲ့။။ လမ်းပန်းခရီး ကူကြည့်ပေး။ မငိုက်အောင် စကားပြောပေး...ကြားလား”

“ဟုတ်ကဲ့ပါ....”

“မေနုရေ…သွားပြီနော်”

“အေး…အေး…ဂရုစိုက်သွားကြ”

သုံးယောက်သားမေနုကို ဆူညံပွက်လောရိုက်အောင် နှုတ်ဆက်ပြီး ထွက်ခွာလာခဲ့ကြသည်။

ခရီးစတင်လီဗာစနင်းလိုက်ချိန်မှာ ပြင်ဦးလွင်ဦးတည်နေလို့လားတော့မသိ အလင်းစိတ်တွေ ပေါ့ပါးရွှင်လန်းနေရပါသည်။

ဒီခရီးက အလင်းဘဝအတွက် ဘယ်လိုပြောင်းလဲမှုတွေ၊ ဘယ်လိုဆန်းကြယ်မှုမျိုးတွေ ကြုံတွေ့ရ မယ့်ခရီးလဲဆိုတာတော့ အလင်း တကယ်ကြိုမသိနိုင်ခဲ့ပေ…..။

*

“ကျွတ်….ရှေ့က ကားကလည်း နှေးတုံနှေးတို့နဲ့ကွာ”

ဘယ်နှကြိမ်မြောက်မှန်းမသိ မကျေမနပ် ရေရွက်လိုက်သော ညီညီကို လရောင်ဦးက ဘယ်နှကြိမ်မြောက်မှန်းမသိ တအံ့တသြကြည့်မိရပြန်ပါသည်။

ဒေါသရှေ့ထား ကားမောင်းတတ်ကြတာဟာ ဒီကားမောင်းသူတွေရဲ့ အကျင့်လားဟုတောင် သူတွေးမိလာသည်။

“ဒီက”လို့ သုံးနှုန်းရတာ ကတော့ “လရောင်ဦး”ဟ ဟိုကလိုပြောရမယ့် စင်ကာပူကနေ ပြန်ရောက်လာတာ မကြာသေးလို့ပါပင်။

အင်ဂျင်နီယာဖိသုကာဘွဲ့ရပြီးကတည်းက

ဟိုမှာသွားအလုပ်လုပ်နေခဲ့သော သူ့ကိုမြန်မာနိုင်ငံ ရဲ့အခြေအနေက ပြောင်းလဲလာချိန်ကတည်းက မေမေက တဖွဖွပြန်ခေါ်ခဲ့တာပင်.....။

“သားရယ်...မေမေကတော့ သားကိုပြန်လာစေချင်ပါပြီ။ ဒီမှာလည်း အခြေအနေတွေက ပြောင်းလဲစပြုလာပါပြီ။ သားတို့လို လူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရောက်လာတော့မှာပါ။ သားအနားမှာ ရှိရင် မေမေအားပို့ရှိတာပေ့ါသားရယ်”

တကယ်တော့ မေမေမခေါ်ခင်ကတည်းကပင် သူက ပြန်ချင်နေခဲ့တာပါ။ စင်ကာပူမှာ အလုပ်လုပ်နေရတဲ့အတွက် လခလုပ်စာကောင်းကောင်းရတာ ။ သွားရေးလာရေးအဆင်ပြေ ချောမွေ့တာ အတွေ့အကြုံ ဂုတာတွေဟာ အမြတ်လို့ဆိုရပေမယ့် မိသားစုနဲ့ ခွဲနေရတာ ကတော့ အရှုံး တစ်ခုလို့ ဆိုရမှာပင်....။

မေမေ့နားမှာ ညီမလေးတစ်ယောက်ရှိနေသေးပေမယ့် သူက မေမေ့ကို အနီးကပ်ပြုစုစောင့်ရှောက်ပေးချင်သေးသည်။ မေမေ့မှာက နှလုံးသွေးကြောကျဉ်းရောဂါ ရှိတာမို့ မေမေ့ကျန်းမာရေးအတွက် သူအမြဲစိတ်ပူနေခဲ့ရပါသည်။

သူကိုယ်တိုင်လည်းပဲ မနက်စောစောထ၊ MRT (မြေအောက်ရထား)စီးဖို့ ဘူတာကိုပြေးပြေး လွှားလွှား သွား၊ ဘူတာထဲက ဆိုင်တစ်ဆိုင်ဆိုင်မှာ ထမင်းစား၊ တစ်နေကုန်အလုပ်လုပ်ပြီး ညနေမှာ MRT ကျပ်ကျပ်စီးပြီး အိမ်ပြန်၊ မိုးချုပ်မှ အိမ်ရောက်၊ စက်ရုပ်လိုလည်ပတ်နေသော လူနေမှုပုံစံကို ညည်းငွေ့စပြုခဲ့ပြီ....။

ဟိုမှာနေခဲ့ရတဲ့ ဘဝမှာ ပျော်စရာရယ်လို့လည်းမည်မည်ရရ. မရှိခဲ့လှ...။ လည်ပတ်သုံးဖြုန်းရ လောက်အောင်လည်းငွေကမပိုလှ။ ဟိုရောက်တာ ၅နှစ်ကြာပြီဆိုသော်လည်း အိမ်ခန်းတစ်ခန်း အပိုင်ဝယ်နိုင်ဖို့ဝေးလို့ အခန်းသီးသန့်တောင် မငှားနိုင်သေးပါ။ အိပ်ခန်းငယ် ၃ခန်းပါသည့် တိုက်ခန်း တစ်ခန်းမှာ တစ်ခန်းစီ ငှားနေရတာ မို့ လွတ်လွတ်လပ်လပ် သီးသန့်နေရတာ

မျိုးမရှိဘဲ တစိမ်းတရံဆန် များနှင့် လိုက်လျောညီထွေ အဆင်ပြေအောင်
ကြည့်နေရင်း Home Sweet Home ဆိုတာလည်း ပျောက်ဆုံးခဲ့တာကြာပါပြီ။

စင်ကာပူမှာ လူတော်တော်များများဟာ စားသုတ်သုတ် သွားသုတ်သုတ်၊
ဘယ်သူ့ဘယ်သူမှ လည်း စိတ်မဝင်စားလှ။ ရထားပေါ်မှာလည်း
အိုင်ဖုန်းမျက်နှာပြင်ပေါ် ခေါင်းစိုက်ကာ အင်တာနက်ကို မပြတ်သုံးစွဲကာ။
ဖေ့စ်ဘုတ်ထဲမှာသာ စာရိုက်၍ စကားများများပြောပြီး အပြင်မှာတော့
သိပ်မပြောလှ…။ မျက်နှာတွေကြည့်လိုက်ရင်လည်း ခံစားချက်မရှိတဲ့
မျက်နှာသေနှင့်မို့ စက်ရုပ်တွေနှင့် တောင် တူနေရတာ ပါ။

သူ့မြန်မာနိုင်ငံမှာ ကြီးပြင်းလာခဲ့တဲ့ ပုံစံကတော့ အိမ်နီးနားချင်း
ဟင်းကောင်းချက်ရင် ဘေးအိမ်ကို တစ်ခွက်မျှပုံစံမျိုး၊
နွေးနွေးထွေးထွေးရင်းရင်းနှီးနှီး ဆက်ဆံကြတဲ့ ဆက်ဆံရေးမျိုးမို့ အမှန် ဆိုရလျှင်
ဟိုကလူနေမှုစတိုင်လ်နှင့် သူကီးမကိုက်ချင်လှပါ။

စည်းကမ်းရှိပြီး တိုးတက်တဲ့။ ခေတ်မီတဲ့။ လူနေမှုအဆင့်အတန်းမြင့်ပြီး
ရေကိစ္စ၊ မီးကိစ္စ သွားရေးလာရေး အဆင်ပြေတဲ့နိုင်ငံမှာနေရပေမယ့်လည်း
ကိုယ်ဟာ သူတို့နိုင်ငံရဲ့ အလုပ်သမား တစ်ယောက်ဖြစ်နေသောအခါမှာ
လုပ်ငန်းရှင်တစ်ယောက်ဖြစ်ဖို့ဆိုတာကလည်း မလွယ်ကူလှ။ အိမ်တစ်ဆောင်
မီးတပြောင်၊ ကားတစ်စီးနှင့်နေရဖို့ဆိုတာလည်း မသေချာ။ ကားဝယ်နိုင်ရင်တောင်မှ
အခွန်အခ၊ လမ်းခွန်၊ ပါကင်စတဲ့ စရိတ်စကတွေက ကြီးမြင့်လွန်းတာမို့
မတတ်နိုင်….။

ဒီအချက် ဟိုအချက်တွေကို ထည့်တွက်ရင်း အိမ်ပြန်ဖို့ကိုပဲ
ယိမ်းယိုင်စပြုချိန်မှာ သူ့ညီမလေးက သူ့ဆီကို သိန်းတစ်ထောင်ဆုကြီးပေါက်သလို
အသံမျိုးဖြင့် မြူးရွှင်စွာ ဖုန်းဆက်လာခဲ့ တာပင်…..

"ကိုကိုရေ…အဟိ…ဟိ…ညီမလေးတို့တော့ သူဌေးဖြစ်ပြီသိလား။

ကိုကိုပို့ပေးတဲ့ ပိုက်ဆံလေးတွေ စုပြီး မြောက်ဒဂုံသုံးဆယ့်လေးထဲမှာ မမမေဝယ်ထားတဲ့ မြေနှစ်ကွက်က တစ်ကွက်ကို သိန်းခြောက်ရာတန်နေပြီ၊ ညီမလေးတို့အိမ်ကိုလည်း သိန်းခုနှစ်ရာနဲ့ လာဝယ်နေတယ်သိလား။ ပြီးတော့လေ....ဒီမှာကားဈေးတွေလည်း အရမ်းကျသွားပြီ။ အရင်က သိန်းထောင့်နှစ်ရာတန်တဲ့ ကားကို အခုအစွန်းထွက် နှစ်ရာလောက်နဲ့ ဝယ်စီးလို့ ရပြီ၊ ဟီးဟီ...မမမေကလေ အိမ်တွေခြံတွေရောင်းပြီး တိုက်ခန်းကောင်းကောင်းပြန်ဝယ်မယ်တဲ့။ ညီမလေးစီးဖို့ ကားလည်းဝယ်ပေးမယ်တဲ့။ တက္ကဆီလည်းထောင်မယ်။တဲ့ ကိုကို့ကို ဒီပြန်ခေါ်ပြီး ကျန်တဲ့ပိုက်ဆံကိုရင်းနှီးပြီး စီးပွားရေး လုပ်ခိုင်းမယ်တဲ့.....”

ထိုသတင်းစကားက လရောင်ဦးကိုတော်တော်အံ့အားသင့်စေခဲ့တာပင်။ နေရင်းထိုင်ရင်း သူဌေးဖြစ်လို့ပဲ ဆိုရလေမလား။ လူမွဲတွေလည်း မနေ့ခေတ်မီ သူဌေးဖြစ်တော့မည်ဟုဆိုရလေမလား...။

တောင်ဥက္ကလာထဲက ပေနှစ်ဆယ် ပေခြောက်ဆယ်ရှည်လမျာခြံကလေးထဲပဲ သူတို့အိမ်ကလေးဟာ သာမန်အုတ်၊ ညှပ်တစ်ထပ်အိမ်ကလေးပင်...။ ခြံကကျဉ်းပြီး အိမ်ကလည်းတော်တော်ဟောင်းနွမ်းယိုယွမ်းပီမို့ မမေ့အတွက် အိမ်ကောင်းကောင်းလေး ပြင်ဆောက်ပေးချင်နေခဲ့တာပါ....။

အိမ်ကောင်းကောင်း ဆောက်မပေးနိုင်သေးရင်တောင် ဓာတ်လှေကားနဲ့အတက်အဆင်း လုပ်ရတဲ့၊ အဲကွန်းအေးအေးလေးနဲ့ နေလို့ရတဲ့ကွန်ဒိုအခန်းမျိုးမှာ မမေ့ကို ထားချင်ခဲ့တာ။ ဒါကြောင့်လည်း သူကြိုးစားပြီး ငွေစုနေခဲ့တာပင်....။

အမြော်အမြင်ကြီးပြီး အသုံးအစွဲခြစ်ကုပ်ချွေတာတဲ့ မမေဟာ သူပို့တဲ့ပိုက်ဆံတွေကို သေချာစု ဆောင်းပြီး သူ့နည်းသူ့ဟန်နဲ့ တိုးပွားအောင်လုပ်ခဲ့တာပင်။

မြောက်ဒဂုံမှာ မေမေမြေဝယ်တုန်းကမြေဈေးဟာ ပေလေးဆယ်ခြောက်တစ်ကွက်မှ သိန်းငါးဆယ်။ သူပို့တဲ့ပိုက်ဆံနဲ့ပမလောက်လို့ မေမေ့လက်ဝတ်လက်စားတွေ ထုတ်ရောင်းပြီးမြေဖိုးထဲထည့်လိုက်တုန်းကဆို သူတောင်မေမေ့ကိုဆူပူခဲ့မိသေးတာ…။ ခုတော့ တက်သွားတဲ့ ဈေးဟာ မတန်တဆ။ အံ့သြစရာ….။

မေမေက ညီမလေးလက်ထဲက ဖုန်းကိုလှမ်းယူကြာ

“ကဲ….သားရေ ဘာမှစဉ်းစားမနေနဲ့တော့။ ပြန်လာခဲ့တော့ဟေ့……”

“မေမေ့အသံက မာလှချည်လား”

“ဟင်း…ဟင်း…မာဆို မင်းအမေ သူဌေးဖြစ်ပြီလေ။ ကိုယ့်သားကို သူများနိုင်ငံမှာ အလုပ်သမား မလုပ်ခိုင်းနိုင်ပေါင်ကွယ်။ ဒီမှာ လာပြန်သူဌေးလုပ်လှည့်၊ မင်းအမေက သိန်းနှစ်ထောင်လောက်တော့ ချမ်းသာပါတယ်ကွယ့်…..”

“မေမေ တကယ် အိမ်ရောင်းမှာလား…..”

“ရောင်းမှာပေ့ါ ဒီအိမ်က နေရတာ ပူသကွယ်။ တိုက်ခန်းကောင်းကောင်းမှာပဲ အဲကွန်းဖွင့်ပြီး အေးအေးလူလူ နေတော့မယ်”

မေမေ့ခပ်ကြွားကြွားလေး ပြောပုံကို လရောင်ဦးက ပြုံးမိနေပါသည်။

“မေမေ ကွန်ဒိုပြန်ဝယ်မလို့လား….”

“ကွန်ဒိုမဝယ်ပါဘူး မေမေ့သူငယ်ချင်းတစ်ယောက်နေတဲ့ရန်ကင်းထဲက ရွှေအုန်းပင်အိမ်ရာမှာပဲ ဝယ်မယ်။ မေမေ့သူငယ်ချင်းနဲ့အပေါ်အောက်ပဲ။ ဒုတိယထပ်အခန်း၊ အပြံစားပြင်ထားတာ၊ မာစတာဘက်ရှုန်းတစ်ခန်း၊ ရိုးရိုးနှစ်ခန်းပါတယ်”

“ဓာတ်လှေကားပါလား”

“ဓာတ်လှေကားတော့မပါဘူး”

“မေမေ တက်ရဆင်းရအဆင်ပြေပါ့မလား။ ကွန်ဒိုပဲ ဝယ်ပါ့လား”

“ကွန်ဒိုက စရိတ်စက ကြီးတယ် သားရဲ့၊ ပြီးတော့ ခြေဆန့်လက်ဆန့် လမ်းလျှောက်ဖို့ မြေပိုရှိ တာမဟုတ်ဘူး။ ဒီအိမ်ရာလေးက ဝန်းခြံကလေးနဲ့၊ လမ်းလျှောက်လို့လည်းရ၊ ကားပါကင်လည်း အဆင်ပြေ။ မေမေ့သူငယ်ချင်းနဲ့လည်းနီး၊ သွားရေးလာရေး အဆင်ပြေတဲ့နေရာလည်းဖြစ်။ ဒုတိယထပ်ဆိုတော့ သိပ်လည်း မတတ်ရပါဘူး”

“မေမေ သဘောကျရင်ပြီးရောလေ....”

“သားလည်း မြန်မြန်ပြန်လာဖို့ လုပ်တော့။ ဒီရောက်ပြီး လုပ်ငန်းကိုင်ငန်းအခြေကျရင် အိမ် ထောင်ပြုဖို့ စဉ်းစား ကိုယ့်မိသားစုလေးနဲ့ကိုယ် ပျော်ပျော်ရွှင်ရွှင် သွား လာလို့ လည်ပတ်လို့၊ အပန်းဖြေ လို့ရတဲ့ ဘဝမျိုးနဲ့ လူ့ဘဝကိုဖြတ်သန်းစမ်းပါ သားရယ်။ မိတကွဲ ဖတကွဲ၊ မယားတကွဲ သားတကွဲ နိုင်ငံ တကွဲတပြားမှာအလုပ်ပြီးရင်း အလုပ်လုပ်နေတဲ့ဘဝမျိုးနဲ့ မနေချင်စမ်းပါနဲ့။ မေ့သားကိုမဖြစ်လို့သာ လွှတ်ထားရပေမယ့် မေမေ တစ်နေ့ စိတ်အေးတာမဟုတ်ဘူး”

နောက်ဆုံးမှာတော့ သူ့ကိုယ်သူ သူဌေးမကြီး၏ ကြွေးကြော်ထားတဲ့ မေမေ့ရဲ့ဆန္ဒအတိုင်း သူအိမ်ပြန်လာခဲ့တော့တာပင်....။

ဒီပြန်ရောက်တော့ အဆင်မြင့်မြင့်ပြင်ဆင်ထားတဲ့ အခန်းကလေးရယ်။ ချစ်ရသော မိသားစုရယ် က သူ့ကို နွေးထွေးစွာ ကြိုနေပါသည်။

ကယ်လ်ဒီးနား စက်ရုပ်ကား လိမ္မော်ရောင်လေးကို ကိုယ်တိုင်မောင်းပြီး လာကြိုတဲ့ သူ့ညီမလေး နေနေဦးရဲ့ ပုံစံကလည်း အရင်နဲ့မတူစွာ လုံးဝပြောင်းလဲ လန်းထွက်နေတော့တာမို့ သူမှာ အံ့အားတသင့်.....။

ကားနဲ့လိုက်အောင် ဆင်ယင်လေရော့သလားမသိ။ မျက်နှာတခြမ်းအုပ် ဘေးတစောင်းအခွေ ဆံပင်တိုတိုလေးနှင့်နေကာမျက်မှန်ခပ်ကြီးကြီးကိုတပ်ကာ ဒူးအထက်ထိသာရှည်သည့် ဂါဝန်လိုလို အကျီပွပွလေးကို ခါးပတ်ပြားကြီးကြီး ပတ်ထားသော ဝတ်စားဆင်ယင်မှုရယ်၊ ဒေါက်ဖိနပ်မြင့်မြင့်စီး၊ ပတ်ထားသော ဝတ်စားဆင်ယင်မှုရယ်၊ ဒေါက်ဖိနပ်မြင့်မြင့်စီး၊ လက်ကိုင်အိတ်ကို

တံတောင်ဆစ်ကွေးမှာ ချိတ်ပြီး ကားပေါ်သို့ စတိုင်လ်မလိုင်အပြည့်ဖြင့် တက်သွားသောပုံက ပဲများထားမှန်း သိသာလွန်းတာမို့ သူက မအောင့်နိုင်ဘဲ ခိခိနဲ့ ရယ်မိတော့တာပင်။

“အံမယ်……ကိုကိုက ဘာရယ်တာလဲ”

“နင့်….နင့်ပုံစံက အလန်းလွန် အလွန်လန်း…ခိ….ခွီးခွီး”

“ကိုကိုနော်….”

“ဝယ်မယ့်ဝယ်လည်း မေမေဇိမ်ကျကျလေး စီးရအောင် မတ်တူးလေး ဘာလေးဝယ်ရောပေါ့ နေနေရယ်….”

“မတ်တူးက ပုံမသွက်လို့ပေါ့”

“ဒါက ပုံသွက်တယ်ပေါ့”

“အင်းပေါ့…..”

“အရောင်က တောမကျဘူးလား”

“ကိုကိုနော် ဘာလို့တောကျရမှာလဲ ဒီအရောင်က ရှားတယ် မိုက်တယ်”

“နင့်ကားက နင်နဲ့လိုက်ပေမယ့် မေမေနဲ့မလိုက်ဘူး”

“မေမေက ဘာစီးစီးရပါတယ် သားရဲ့၊ ဒါလည်းကောင်းတာပဲဟာ အဲကွန်းလေးကို အေးနေတာပဲ။ ဇိမ်ကိုကျလို့”

“ကိုကို ဘာသိလဲ….ဒီလိုစက်ရုပ်ကားမျိုးကို အရင်က အရင်ချမ်းသားတဲ့သူတွေပဲ စီးနိုင်တာ။ သိန်းထောင့်ခြောက်ရာလောက်ပေးမှ စီးလို့ရတာ ….။ အခုနှစ်ရာကျော်လေးနဲ့ရတာ ဘယ်လောက်တန်လဲ”

“အေးပါ အေးပါ နင်သေချာရော မောင်းတတ်လို့လား”

“လူကို အထင်မသေးပါနဲ့နော်။ ကားမောင်းသင် ဆရာမခေါ်ပြီး ဆယ်ရက်တောင် သေသေချာချာ သင်ထားတာပါ”

“အေးပါ…အေးပါ…မောင်းတော်မူပါတော့။ ကားကြွားနေရတာ နဲ့ အိမ်မရောက်ဘဲနေဦးမယ်”

“အဟိ…ဒီမှာကြည့် …အော်တိဂီယာနဲ့ သိလား။ ဒီမှာ တီဗီလည်းပါတယ်”

“ကဲ….ဟုတ်ပါပြီ….ဟုတ်ပါပြီ…မြင်ပါတယ်”

“ကိုကိုက ဟိုမှာ MRT ပဲစီးစီးနေရတာ ဆိုတော့ မမြင်ဖူးဘူးလားလို့ပြရတာ ပါ”

“အချင်းချင်း ကပ်နှိမ်နေပြန်ပါပြီ။ ဒါနဲ့ နေစမ်းပါဦး နင်တို့နိုင်ငံက ဘတ်စ်ကားတွေကရော အရင်လို ကျပ်တုန်းပဲလား”

“အံမယ်….ဘာနင်တို့နိုင်ငံလဲ။ ဒါကိုကို့နိုင်ငံ”

“အေးပါ အပြောမှားသွားပါတယ်”

“ကိုကိုတို့ MRT ကလည်း ရုံးဆင်းရုံးတက်ဆို ကျပ်တာပဲမဟုတ်လား”

“ကျပ်ပေမယ့် အဲကွန်းက အေးတယ်လေ။ ဒီမှာခြွေတော့ ဘယ်တူပ့်ါမလဲ…..”

“ဒီမှာလည်း ဘတ်စ်ကားသစ်တွေ မကြာခင် ရောက်လာမှာပါ

မကြွားပါနဲ့….”

“ကဲ….ကဲ….မောင်နှမတွေ စကားနိုင်လုမနေနဲ့။ သွားကြရအောင်”

နေနေဦးက လေဆိပ်ကားပါကင်ကနေ ကားမောင်းထွက်လာပါသည်။ ကားမောင်းပုံက အိုက်တင်ကလေး အထာကလေးနှင့်မို့ လရောင်ဦးက ကိုယ့်နှမပုံစံကိုငဲ့ကြည့်ရင်း ရယ်ချင်ပက်ကျိဖြစ် လာကာ…..

“နေနေ နင့်မျက်မှန်ကြီးက ချွတ်ထားလို့မရဘူးလား။ အပြင်မှာ နေမပူတော့ဘူးလေ”

“အို….အဆိုတော်တွေဆို ညဘက်ကြီး စတိတ်ရှိုးဆိုတာတောင်မျက်မှန်တပ်ပြီးဆိုသေးတာ။ ကိုကိုဘာသိလဲလို့။ ဒီလိုကားမျိုး မောင်းရင် ဒီလိုမျက်မှန်နဲ့ ဒီလိုစတိုင်လ်နဲ့မှ လန်းတာ။ ဘာမှဖြင့်မသိဘဲနဲ့…..”

“အေးပါဟာ ငါဘာမှမသိပါဘူးဟာ…အဟိ….ခွိခွိ”

“ကိုကိုနော်…..ကိုကိုနော် လူကိုလှောင်ရယ်မနေနဲ့….”

“ဒီမောင်နှမတွေဟာလေ ဟင်း…ဟင်း”

မိသားစုသုံးယောက်ဟာ ကားသစ်ကလေးထဲမှာ နွေးနွေးထွေးထွေးပျော်ပျော်ရွှင်ရွှင်ကလေး။ ဒီလိုဘဝမျိုးကို ဟိုမှာမရနိုင်တာမို့ ပြန်လာရကျိုးနပ်တယ်လို့ပဲ သူက တွေးမိကာ ကျေနပ်နေမိပါသည်။

လေဆိပ်ကထွက်ပြီးလမ်မပေါ်ရောက်လာတော့လည်း လမ်းမပေါ်က များပြားလှတဲ့ ကားသစ်တွေကို ကြည့်ပြီး သူ့မှာ အံ့မခန်းဖြစ်ရပြန်သည်။။

လေဆိပ်ကထွက်ပြီးလမ်းမပေါ်ရောက်လာတော့လည်း လမ်းမပေါ်ကမ ားပြားလှတဲ့ ကားသစ် တွေကိုကြည့်ပြီး သူ့မှာ အံ့မခန်းဖြစ်ရပြန်သည်။

“ဟ….ကားတွေက များလှချည်လား”

"ဟင်း…ဟင်း…တွေ့တယ်မဟုတ်လား။ ကားသစ်တွေမှ အများကြီး"

နေနေပြောပုံက လမ်းပေါ်က ကားတွေအားလုံးသူပိုင်တဲ့အတိုင်း….

"ကားမောင်းရတာ အရင်လောက်ဘယ်လွယ်တော့မလဲ။ လမ်းပေါ်မှာ ဒီလောက်ကျပ်ညှပ်နေ တာ…"

"အဲဒါတော့ဟုတ်တယ်။ ညီမလေးလည်း ကားမောင်းတာ ရင်တထိတ်ထိတ်နဲ့ မောင်းရတာ ပဲ။ ကိုယ့်ဘက်က မမှားလည်း ကိုယ့်ကားကို သူများပွတ်မိသွားရင် ပြဿနာမီးပွိုင့်မှာ တစ်ခါတန်းစီရတာ လည်း အိပ်တောင်ပျော်သွားမှာစိုးရိမ်ရတယ်။ လမ်းမကောင်းတဲ့နေရာ ရောက်ရင်လည်း ကားအကောင်းစားကြီးဆိုတော့ ကားနာမှာစိုးလို့ ရှောင်ရကွင်းရ ဖြည်းဖြည်းမောင်းရ…. ရင်တောင်မောတယ်"

နေမေဦးက ကားမောင်းရင် တတွတ်တွတ်ပြောလာသည်။ သူက သူမြန်မာပြည်မှာ နေခဲ့စဉ်က သိပ်မမြင်ဖူးခဲ့တဲ့ ကားသစ်တွေကို လှမ်းကြည့်ရင်း နေနေနှင့်အတူ ရောပြီး ဝမ်းသာရမလား၊ ရင်မောရ မလားတောင်မသိတော့ပါ။

သူဒီကိုပြန်မလာဖြစ်တာ နှစ်နှစ်ရှိခဲ့ပြီး။ ဟိုအရင်တုန်းက တစ်နှစ်တစ်ခါ ပြန်ဖြစ်ခဲ့သည်။ မနှစ်က တစ်နှစ်တော့ အလုပ်ကိစ္စအပြောင်းအလဲတွေ၊ အဆင်မပြေတာတွေရှိတာမို့မပြန်ဖြစ်….။ သူပြန် မလာတဲ့ အချိန်အတောအတွင်းမှာ မြန်မာနိုင်ငံရဲ့အခြေအနေကလည်း အပြောင်းအလဲတွေ များခဲ့သည်။ တိုးတက်မှုတွေလည်း အများကြီးရှိလာခဲ့သည်။

သူထွက်မသွားခင်ကဆို တော်တော်လေးပိုက်ဆံရှိတဲ့သူတောင်မှ လွှန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ထုတ်တဲ့ ဆန်နီစူပါဆလွန်းကို အကောင်းလုပ်ပြီး စီးရသည်။ အထဲက သံချေးကိုက်ပြီး အပြင်ကဆေးဖတ်တွေ ကွာကျလာတော့ ဘော်ဒီရုံပို့၊ သံချေးခြစ်ချ၊ ဆေးပြန်မှုတ်၊ ဒီလို နဲ့ပဲ အစုတ်သံသရာလည်နေသည်။ အခုညီမလေးစီးတဲ့ စက်ရုပ်ကားတို့ ဘာတို့ဆိုတာ

တကယ့် ဟိုင်းဘော့စ်တွေ၊ အထူးအခွင့်အရေးရထားတဲ့သူတွေမှ စီးနိုင်ကြတာပင်...။ ကိုယ်တွေမှာတော့ လှောင်ပတ်ကျပ်ညပ်နေတဲ့ ဘတ်စ်ကားအိုးထဲ တိုးဖြစီးခဲ့ရတာ ....။ ခုချိန်မှာညီမလေး ပျော်မယ်ဆိုလည်း ပျော်လောက်စရာပါ။ ခုလိုကားမျိုးထဲရောက်ဖို့ဆိုတာက လရောင်ဦးတို့လို သာမန် လူတန်းစားတွေအတွက်တော့ အိပ်မက်လိုပဲ မဟုတ်လား....။

လရောင်ပြန်ရောက်ပြီးအလုပ်တစ်ခုခုလုပ်ဖို့ စသ်းစားကြံစည်နေဆဲမှာ သူ့သူငယ်ချင်း မိုးမာန်နှင့်ပြန်တွေ့ခဲ့သည်။

မိုးမာန်ဟာ သူနဲ့ကျောင်းနေဖက်သူငယ်ချင်း.... ဟိုအရင်က အရာရှိကြီးတစ်ဦးရဲ့ သားဖြစ်တဲ့ မိုးမာန်ဟာ ကျောင်းပြီးသော်လည်း အလုပ်ရယ်လို့မလုပ်ဘဲ မိဘလုပ်စာ ထိုင်စားပြီး ဘော်ကြော့လေးနေခဲ့သူပင်။

ခုပြန်တွေ့ချိန်မှာ သူ့ကိုယ်ပိုင်လုပ်ငန်းဖြင့် အံ့မခန်းချမ်းသာနေပြီ...။

အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေအပြင် မြေကွက်များစွာ ပိုင်ဆိုင်ထားသော မိုးမာန်က သူ့ကို ဆီးကြိုလက်ချာရိုက်သည်။

"တိုင်းပြည်တစ်ခု ပြောင်းလဲတိုးတက်လာရင် မြေတို့လို အမာထည်ပစ္စည်းတွေဈေးတက်ပြီး ဇိမ်ခံအသုံးအဆောင်ဇိမ်ခံပစ္စည်းတွေ ဈေးကျတာပဲကွ။ အရင်က တို့နိုင်ငံက အိမ်ခြံမြေဈေးထက် ကားဈေးကကြီးနေတာ ပုံမှန်မှမဟုတ်တာ။ ငါမြေကွက်တွေ တော်တော်များများ လိုက်ဝယ်ပြီး မကြာခင် မြေဈေးက အရမ်းတိုးတက်သွားတော့ ငါလည်း အကျိုးအမြတ် တော်တော်များများ ရလိုက်တယ်။ မင်းပြန်လာတာ ငါတကယ်ဝမ်းသာတယ်။ ငါတိုပအတူ ပူးပေါင်းကြတာပေါ့ကွာ....မင်းက ဟိုမှာလုပ်ခဲ့တဲ့သူဆိုတော့ အတွေ့အကြုံရှိတော့ ငါ့အတွက်လည်း အရမ်းအဆင်ပြေတယ်လေ.....ငါ့လုပ်ငန်းမှာ မင်းအကြံဉာဏ်တွေ အများကြီးလိုအပ်တယ်"

အဲဒီ နောက် သူမိုးမာန်နှင့်အတူ အလုပ်တွဲလုပ်ဖြစ်ခဲ့သည်။ မကြာခင်

စင်ကာပူစတိုင်လ် အိမ်ရာ စီမံကိန်းတစ်ခုစလုပ်ကြဖို့လည်း ကြံစည်နေကြသည်။

ခုထွက်လာတဲ့ ခရီးကတော့ ပြင်ဦးလွင်မှာ မြေဝယ်ဖို့ကိစ္စအတွက်ပင်....။ မိုးမာန်က နေပြည်တော်ကို အလုပ်ကိစ္စဖြင့်သွားနှင့်တာနှစ်ရက်ရှိပြီ။ လရောင်ဦးက မိုးမာန်ရဲ့တပည့်ကောင်လေး ညီညီကျော်နှင့်အတူ ရန်ကုန်ကထွက်လာပြီး နေပြည်တော်မှာ မိုးမာန်ကိုဝင်ခေါ်၊ ပြီးမှပြင်ဦးလွင်ကို သုံးယောက်အတူ သွားကြဖို့ပင်...။

ညီညီဟာ ချက်ချက်ချာချာရှိတဲ့ အသက် ၂၀ကျော်လူငယ်လေး၊ မိုးမာန်ဘယ်သွားသွားတကောက်ကောက်လိုပါကာ မိုးမာန်ရဲ့ ဝေယျာဝစ္စတွေလည်းလုပ်၊ ကားလည်းမောင်း၊ တခြားလက်တိုလက်တောင်း ခိုင်းစရာလေးတွေ ပေါ်လာရင်လည်း ဖင်ပေါ့ပေါ့နှင့် ပြေးလွှားလုပ်ပေးတတ်ပါသည်။

သို့သော်...တစ်ခုခက်နေတာက ကားပေါ်ရောက်လို့ စတီးရာရင် ကိုင်မိပြီဆိုတာနဲ့ သွေးကြွလာ တတ်တာ၊ တွေ့သမျှကားကို ကျော်တတ်ချင်တာ။ ကျော်တတ်တာတောင်မှ ရိုးရိုးကျော်တက်တာမဟုတ်။ ကျော်တက်ရင်း ဘေးကကားကို ဘုကြည့်ကြည့် ပြလိုက်သေးတာ...။ မြို့ ထဲလမ်း ကားကျပ်ကျပ်မှာ သူများကားကိုဆို မရမက ကျော်တတ်တတ်တဲ့ ဒင်းက သူများတကာ ကားက ယဉ်ကြောပြောင်းဖို့ လမ်းဖြတ်ဝင်ချင်လို့များ တစ်စီးလောက်လို့ မတောင်းလိုက်နဲ့ မျက်နှာထားကြီးနဲ့ မသိချင်ယောင်ဆောင်နေလိုက်တော့တာ....။

ညီညီမှာ ဒီလိုအကျင့်ရှိတာဟာ မြို့ထဲမှာ ကားတွေကျပ်လို့ စိတ်တွေတိုနေရှာတာပဲဟု တွေးကာ လရောင်ဦးက ခွင့်လွှတ်ပေးပါသည်။ သို့သော်အခုလို ဟိုင်းဝေးလမ်းမကြီးမှာ မောင်းတော့ လည်း သူ့အကျင့်မပြောင်း။

“အကိုတွေ့လား...တွေ့လား ဟိုကားမောင်းနေတာ လမ်းလယ်ကလည်း မောင်းသေး၊ နှေးတုံ့နှေးတုံ့နဲ့လဲ မောင်းသေး၊ မိန်းကလေးမောင်းနေတာပဲဖြစ်မယ်

ကျွတ်ဘာလုပ်နေတာလဲကွာ”

တကယ်တော့ ရှေ့က မတ်တူးကားက သူ့ဟာသူ ပုံမှန်လေးမောင်းနေတာ။ ညီညီက ဟိုင်းဝေး လမ်းမပေါ်မှာ မောင်းကောင်းကောင်းနဲ့ စွတ်မောင်းရင်း အစွမ်းပြချင်နေတာပင်။

“ဟိုကားက ဘာမှမဖြစ်ဘူးညီညီ။ ဖြစ်နေတာက မင်း၊ မင်းကိုငါကြည့်နေတယ်။ ဟိုင်းဝေးလမ်းပေါ်ရောက်ကတည်းက စွတ်ရွတ်မောင်းနေတာ။ ကီလို ၆၀မကျော်ရလို့ရေးထားတဲ့ နေရာတွေမှာလည်း မင်းကီလို ၁၀၀ကျော်အောင် မောင်းနေလို့ ငါအနားကနေ အမြဲသတိပေး

လာရတယ်....”

“အစ်ကိုကလည်း ကီလို ၆၀ဆိုတာ တကယ်ကို နှေးနှေးလေး၊ ဒီလိုလမ်းမျိုးမှာကီလို ၆၀ပဲမောင်းရင် ပျင်းပြီးငိုက်တောင်သွားဦးမယ်”

“မင်းတို့လို လူမျိုးတွေကြောင့် ကားအက်ဆီးဒင့်တွေ ဖြစ်နေတာ။ လမ်းအကွေ့နေရာတွေက သေချာစနစ်တကျကြီးလုပ်ထားတာမှ မဟုတ်တာ။ အကွေ့မှာအရှိန်အရမ်းများရင် အန္တရာယ်ရှိတယ်။ ပြီးတော့...ငါတို့ကားက အဲကွန်းဖွင့် မှန်တင်ပြီးမောင်းနေလို့သာ မြန်လို့မြန်မှန်းမသိတာ....”

“မစိုးရိမ်ပါနဲ့အစ်ကိုရာ၊ ဒီလမ်းကို ကျွန်တော်အခေါက်ခေါက်မောင်းနေကျပါ။ ပြီးတော့ ဆရာမိုး မာန်ကလည်း ကားမြန်မြန်မောင်းမှ ကြိုက်လို့ မြန်မြန်မောင်းတာ အကျင့်ပါသွားတာ”

“ဒီကောင့်လည်း သတိပေးထားဦးမှပဲ။ မင်းကားဘီးလေပေါင်တွေ ဘာတွေသေချာချိန်ရဲ့လား ညီညီ”

“ချိန်ခဲ့ပါအစ်ကိုရ၊ လေပေါင် ၃၀လောက်ပဲထားတယ်။ လေပေါင်များရင် ကားတာယာတွေ ကွဲထွက်တတ်လို့ ကျွန်တော်သေချာဂရုစိုက်ပါတယ်။ ကျွတ်...

ဟိုကားက ဘယ်လိုဖြစ်လို့ဒီလောက်နှေး နေမှန်းမသိပါဘူးကွာ။ အစ်ကိုရှေ့ကားတစ်စီးတော့ ကျော်တတ်လိုက်မယ်နော်။ အဲ့ဒီကားနောက်က လိုက်ရင် ရောက်မှာကိုမဟုတ်တော့လို့ပါ”

“အေး....သဘောပဲကွာ။ ဒီတစ်စီးကျော်ပြီးရင်တော့ အေးအေးဆေးဆေးပဲ မောင်း၊ ကားချင်းဖိုက် မောင်းဂုအောင်ရန်ကုန်မြို့ထဲ ဘတ်စ်ကားမောင်းနေတာလည်း မဟုတ်ဘူး။

ငါလည်းရှုခင်းလေးအေးအေးလူလူကြည့်ရင်း မြန်မာပြည်ရဲ့အလှအပတေါကို အေးအေးချမ်းချမ်း ခံစားပါရစေဦး...”

လရောင်ဦးဆီက ခွင့်ပြုချက်ရတာ နှင့် ညီညီက ကားဟွန်းနှစ်ချက် ဆက်တိုက်တီးပြီး ရှေ့က ကားကို ကျော်တတ်အရှိန်မြင့်လိုက်ပါသည်။ သူတို့စီးလာသည့် ကားက မိုးမာန် Nissan Skyfine ကား။ ကားက လူငယ်ဆန်ဆန်၊ Sport ဆန်ဆန်ကားမျိုး။ ပါဝါအိတ်ဇောကလည်း တပ်ထားသေး။ တဗျူးဗျူး တဖြဲဖြဲ အသံပေးပြီး သွေ့ကြွကြွနှင့် ပြိုင်မောင်းချင်စရာကားမျိုးမို့ ညီညီဒီလိုဖြစ်နေတာလည်း ဖြစ်နိုင်သည်ပင်။

ညီညီက ရှေ့ကားကို ဘေးမှကပ်၍ ကျော်တတ်လိုက်ချိန်မှာ သူက အမှတ်တမဲ့ဆိုသလိုပင် ဘေးက ကားဆီလှမ်းကြည့်လိုက်မိပါသည်။

တစ်ဖက်ကားက lover seat မှာထိုင်နေသူမိန်းကလေးက ထိုင်ခုံကိုနောက်ဆုတ်ကာ မှီမှီလျော လျောထိုင်နေတာ သူမရဲ့ ဟိုဘက်က ကားမောင်းနေသူကို သူလှမ်းမြင်လိုက်ရသည်။

ကားချင်ဖြတ်ကျော်တက်လိုက်သော အချိန်ကားလေးက ဘယ်နှစက္ကန့်မှမကြာလိုက်။ အဲဒီ စက္ကန့်ပိုင်းအချိန်မှာ ဖျတ်ခနဲ မြင်လိုက်ရသော ပုံရိပ်လေးက သူ့ရင်ထဲ စူးစူးနစ်နစ် ဝင်လာသည်။

ကားမောင်းနေသော ထိုမိန်းကလေးက နေကာမျက်မှန်အမည်းကြီးကို

တပ်ထားပြီး ရှေ့တည့်တည့်ကိုသာကြည့်ပြီးမောင်းသွားသည်။ ဘေးကိုတစ်ချက်မှလှည့်မကြည့်....။ ဘေးတစောင်းမြင်နေရသော နှာတံမြင့်မြင့်လေးက သတိပြုမိချင်စရာအ လွန်ပဲ လှပနေခဲ့ပါသည်။လှ စ်ခနဲ မြင်လိုက်ရသော ထိုအနေအထားလေးကို သူ့စိတ်ထဲမှတ်မှတ်ထင်ထင် ဖြစ် သွားခဲ့ရသည်။

ဟိုရှေ့မှာ ကောင်းကင်ပြာပြာကြီးကို ကျယ်ကျယ်လွင်လွင်မြင်ရသည်။ ကောင်းကင်ပေါ်မှာလည်း တိမ်စိုင်ဖြူတွေလည်း လွင့်နေကြသည်။ ကျယ်ဝန်းလွတ်လပ်သောရသကို ခံစားရင်း သူထိုင်ခုံနောက်မှီကို သက်သောင့်သက်သာမှီ၍ ထိုင်လိုက်သည်။

ရှေ့ကမြင်နေရသော ကောင်းကင်ကြီးထဲက တိမ်စိုင်ဖြူတွေကြားမှာ မျက်နှာဘေးတစောင်းလေးပေါ်က ထူးခြားလှပတဲ့ နှာတံကလေးကို မြင်မိသလို ထင်မိတော့ ကိုယ့်ကိုယ် ကိုယ် အရူးပဲဟု ကျိန်ဆဲလိုက်မိသည်။

ကိုယ့်အရွယ်ဟာ တွေ့ရာမြင်ရာ စိတ်ကူးယဉ်ဆန်ဆန် စိတ်ဝင်စား ရူးနှမ်းရမယ့်အရွယ်မှ မဟုတ်တာလေ....။

ဒါပေမဲ့....။

*

“ကျွန်တော် ဒီလမ်းကို စမောင်းတဲ့ ညက ညသန်းခေါင်လောက်ကြီးမှာ ကွင်းပြင်ကြီးထဲမှာ မီးတွေလင်းပြီး လူတွေသွားလာလှုပ်ရှားနေတာကိုတွေ့တော့ ဒီနေရာက “ကြတ်ရွာ”နဲ့တူလိုက်တာလို့ တွေးမိတာ အစ်ကိုရ....ဟီး..ဟီး”

လရောင်ဦးနှင့် ညီညီက ၁၁၅မိုင် Feel မှာထိုင်၍ နေ့လယ်စာ

စားနေကြတာပင်။ ညီညီက ပြောင်စပ်စပ်ပေါ့ရွှတ်ရွှတ် ပြောဆိုတတ်သူမို့ ထမင်းစားရင်းလည်း အဆက်မပြတ် ပွားနေသည်။

သူထမင်းစားပြီးသွားချိန်မှာညီညီက ထမင်းလိုက်ပွဲထပ်မှာတုန်း….။

ထိုအချိန်မှာပဲ မိုးမာန်ဆီက ဖုန်းဝင်လာသည်။

"လရောင်….မင်းတို့ဘယ်ရောက်နေပြီလဲ"

"၁၁၅မိုင်ရောက်ပြီ"

"ငါ့အလုပ်ကိစ္စ ဒီမှာမပြတ်သေးဘူးဖြစ်နေတယ်။ မင်းတို့က နောက်နှစ်နာရီလောက်ဆို နေပြည်တော်ရောက်မှာဆိုတော့ ငါချက်ချင်းလိုက်လို့မရသေးဘူး။ ညနေဧည့်သည်တစ်ယောက်နဲ့ချိန်း ထားတာလေးရှိနေတယ်။ ငါအခု ရွှိုင်ရယ်ကုမုဒြာဟိုတယ်မှာရောက်နေတယ်"

"မင်းအဆင်ပြေသလို လုပ်လေ။ ငါကရတယ်။ ရန်ကုန်က လုပ်စရာရှိတာတွေလည်း အားလုံး လုပ်ခဲ့ပြီးပြီ"

"အိုကေ….ပြီးရော ဒါပဲ…ဒါပဲ"

မိုးမာန်နှင့်ဖုန်းပြောပြီး ဖုန်းချလိုက်ချိန်မှာ လရောင်၏ မြင်ကွင်းထဲသို့ ကားတစ်စီး ဝင်လာပါသည်။

ထိုကားဟာ "နှာတံကလေး"မောင်းတဲ့ကား။

သူက စိတ်ဝင်စားစွာ လှမ်းကြည့်နေမိသည်။ ကားက Feel ရှေ့မှာ ပါကင်ထိုးလာသည်။ လရောင်ဦးတို့ရောက်ချိန်တုန်းကတော့ ဆိုင်ရှေ့မှာ ပါကင်မရတာ မို့ ခပ်ဝေးဝေးမှာ ပါကင်သွားထိုးထား ပြီးမှ ဆိုင်ဘက်ကို ပြန်လျှောက်လာခဲ့ရတာ ပင်….။

လရောင်ကြည့်နေတုန်းမှာ မောင်းသူဘက်ခြမ်းက တံခါးပွင့်သွားတာ မိန်းကလေးတစ်ယောက် ဆင်းလာသည်။ သူမြင်ခဲ့တဲ့ နှာတံလေးပင်…။

ယောက်ျားလေးဆန်ဆန် ဘောင်းခွဲဆံပင်တိုတိုလေးနှင့်။ အသားရောင်က ဝါဝင်းဝင်းကလေး။ ရှပ်အကျီင်္ကွက်နှင့် ဘောင်းဘီဝတ်ထားသော ပုံစံက လှပမှုထက် ပေါ့ပါး လွတ်လပ်မှုကို ဦးစားပေး ဝတ်ဆင်ထားမှန်းသိသာသည်။

သူကြည့်နေတုန်းမှာပဲ သူမက နေကာမျက်မှန်ကို ချွတ်လိုက်ပြီး မိန်းကလေးအဖော်နှစ်ယောက် နှင့်အတူ သူရှိနေသော ဆိုင်ဘက်သို့ လျှောက်လာနေပါသည်။ လျှောက်လာပုံက ခြေလှမ်းဖြောင့်ဖြောင့် မြန်မြန်သွက်သွက်လေး....။ မိန်းမသားတစ်ယောက်ရဲ့ လှပသော အင်္ဂါရပ်တွေ အစုံရှိပေမယ့်လည်း မိန်းမဆန်ဆန်ပုံစံမျိုးတော့ မဟုတ်...။

“အစ်ကို.....ဘာတွေ ဒီလောက်ငေးနေတာလဲ”

ညီညီ သူ့ကိုမေးရင်း သူကြည့်နေသော ဘက်သို့ လှမ်းကြည့်လိုက်ပါသည်။

“ဟိုက်...သေပြီဆရာ၊ ဟိုအုပ်စု....ဟိုအုပ်စုနဲ့တွေ့ပြီး ကျွန်တော့်ကိုမြင်လို့မဖြစ်ဘူး”

ညီညီက ပြူးပြူးပျာပျာ ဖြစ်သွားရင်း စားပွဲပေါ်က ဂျာနယ်တစ်စောင်ကို ကောက်ယူကာ မျက်နှာကိုကွက်၍ ဖတ်နေလိုက်သည်။

“မင်းကျော်တက်ရုံ တက်ခဲ့တာမဟုတ်လား”

“ဟီးဟီး...မျက်စိမှိတ်လျှာထုတ်ပြောင်ပြခဲ့တာ အစ်ကို”

“သေပေါ့ကွာ....”

တကယ်တော့ ညီညီက နောက်ကျခဲ့ပါသည်။

သုံးယောက်အုပ်စုထဲက နှာတံကလေး မဟုတ်ဘဲ တစ်ယောက်က လရောင်ဦးတို့ စားပွဲဆီ သို့ ခပ်သွက်သွက်လျှောက်လာပြီး....

“ဒီမှာ....ဒီမှာ...ခုမှကြောက်ပြီး တွယ်တာမနေနဲ့။ ရှင်ကျွန်မတို့ကို

လှောင်ပြောင်သွားတဲ့အတွက် ပြန်တောင်းပန်ပါ”

“ဟဲ့…ပန်းအိရယ်…ထားလိုက်စမ်းပါဆိုဟယ်။ လာ….လာ… ထမင်းစားကြမယ်”

နှုတ်ကလေးက ပန်းအိဆိုသူကို လာဆွဲခေါ်လိုက်သည်။ ပန်းအိကတော့ ညီညီလက်ထဲက ဂျာနယ်ကို ဆွဲဖယ်လိုက်သည်။

“တောင်းပန်လေ၊ ပြောနေတာမကြားဘူးလား”

“ပန်းအိရယ်….လာပါဟယ်…”

“ခဏလေး….အလင်း၊ ငါသူတောင်းပန်တာ နားထောင်လိုက်ဦးမယ်”

“ညီညီ….မင်းတကယ်လုပ်ခဲ့ရင် ပြန်တောင်းပန်လိုက်ပါ”

လရောင်ဦ ဝင်ပြောတော့မှ ညီညီက မျက်နှာချိုသွေးလိုက်ရင်း…

“ဟုတ်ကဲ၊ ဆောရီးပါ ခင်ဗျ။ တောင်းပန်ပါတယ်ခင်ဗျ”

ဟု ရို့ရို့ကျိုးကျိုး တောင်းပန်လိုက်သည်။ ပန်းအိဆိုသူက သူတို့စားပွဲနားမှ ချာခနဲထွက်သွား သည်။ နှာတံကလေးကလည်း တစ်စုံတစ်ရာ စကားမဆိုဘဲ ပန်းအိနောက်က လိုက်သွားပါသည်။

သူမတို့အုပ်စုက ဆိုင်အတွင်းဘက်သို့ ဝင်သွားချိန် မှာအပြင်ဘက်မှာထိုင်နေသော လရောင်တို့ လည်း စားသောက်ပြီးစီးပြီမို့ ပိုက်ဆံရှင်းပြီး ၁၁၅မိုင်မှ ထွက်လာခဲ့ကြပါသည်။

ဒီခရီးမှာ ဒီလိုအဖြစ်အပျက်ကလေးတွေနဲ့ဆိုတာလည်း တစ်မျိုးလေး စိုပြေသလားလို့ပင်…

“အလင်း”…တဲ့။

ခရီးသွားဟန်လွှဲ ခဏတစ်ဖြုတ်လေး ဆုံခဲ့ရသော ထိုမိန်းကလေးရဲ့

နာမည်လေးနှင့်အသွင် သဏ္ဍာန်လေးက သူ့အာရုံမှာ စွဲထင်လာခဲ့ပါသည်။

*